မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၆ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၉ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက် )

**လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ဖွဲ့စည်းခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် စပ်လျဉ်း၍ "စုံစမ်းစစ်ဆေးရေးကော်မရှင်" ၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် **"လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက် ပါသည် -

| | | |
|---|---|---|
| (၁) | ဦးလှထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၆) | ဥက္ကဋ္ဌ |
| (၂) | ဦးသာအေး<br>ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး<br>စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဒုတိယဗိုလ်ချုပ်ကြီးကိုကို<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၅) | ဦးဝင်းထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာမြင့်အောင်<br>ပြည်ထောင်စုဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးစိုးဝင်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးအုန်းသန်း<br>ဒုတိယဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးမျိုးအောင်<br>ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးဝင်းထိန်<br>ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာအောင်ထွန်းသက်<br>အဖွဲ့ဝင်<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (၁၂) | ဦးမောင်မောင်တင့်<br>စီမံကိန်းဒါရိုက်တာ<br>မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် | အဖွဲ့ဝင် |
| (၁၃) | Mr. Geng Yi<br>MD<br>မြန်မာဝမ်ပေါင်ကုမ္ပဏီ | အဖွဲ့ဝင် |
| (၁၄) | ဦးသန့်ရှင်း<br>ဒုတိယဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁) | အတွင်းရေးမှူး |
| (၁၅) | ဦးတင်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (ရမည်းသင်း) မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဇော်ဝင်းအား ယင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှ စ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက် )

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရေး ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ရန်နှင့် လူမျိုးစုနှစ်စု ရေရှည်သဟဇာတရှိစွာဖြင့် အတူတကွနေထိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် **"ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၂) | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ပ ) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ရခိုင်ပြည်နယ် | တွဲဖက်အတွင်းရေးမှူး |

၂။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန်။

( ခ ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ရန်။

( ဂ ) ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် လူမျိုးစုနှစ်စုတို့ ရေရှည်သဟဇာတရှိစွာဖြင့် အတူတကွနေထိုင်နိုင်ရေး စီမံဆောင်ရွက်ရန်။

(ဃ) ရခိုင်နှင့်ဘင်္ဂါလီလယ်များ ဆက်စပ်နေသည့်ဒေသများ၌ ပဋိပက္ခမဖြစ်ပွားရေးအတွက် လုံခြုံရေး စီမံဆောင်ရွက်ရန်။

( င ) မကြာမီကာလတွင် မိုးရာသီရောက်ရှိလာမည်ဖြစ်ရာ ဖြစ်ပေါ်လာနိုင်သည့် လယ်ယာလုပ်သားရှားပါးမှုပြဿနာများ၊ စားနပ်ရိက္ခာပြဿနာများနှင့် ခိုလှုံရေးစခန်းများရှိ ဒုက္ခသည်များ၏ နေထိုင်ရေးပြဿနာများကို ကြိုတင်စီမံဖြေရှင်းဆောင်ရွက်ရန်။

( စ ) အချိန်ကြာမြင့်လာသည်နှင့်အမျှ ခိုလှုံရေးစခန်းများတွင် စားနပ်ရိက္ခာအခက်အခဲရှိလာနိုင်၍ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့ရေးအကူအညီများ ရရှိနိုင်ရေး စီမံညှိနှိုင်း ဆောင်ရွက်ပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားနည်းမှုမရှိစေရေး ကြပ်မတ် ဆောင်ရွက်ပေးရန်။

(ဆ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှ ဘက်စုံထောင့်စုံလေ့လာပြီး အကျေအလည် ညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရေး ဘက်စုံမဟာဗျူဟာစီမံချက် ရေးဆွဲချမှတ်ရန်။

( ဇ ) ယင်းမဟာဗျူဟာစီမံချက်ကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော်ရေး ကြီးကြပ်ဆောင်ရွက်ရန်။

၃။ အထက်ပါ လုပ်ငန်းတာဝန်များကို မိုးမကျမီ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ အမြန် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်<br>နိုင်ငံတော်သမ္မတ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံး ကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း (တောင်) ရပ်ကွက်၊ မြေနီခြံလမ်း၊ အမှတ် (၁၀၄/၁) နေ ဦးညဏ်မျိုးအောင် ၁/မကန (နိုင်) ၀၈၃၆၁၄ အား မကွေးတိုင်းဒေသကြီး၊ မကွေး ခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ ငမင်ကြိုးဝိုင်း၊ အကွက်အမှတ် ၂၁၄၊ ၂၁၉ အတွင်း ကျွန်းစိုက်ခင်း ၅၀၀ ဧကကို အောက်ပါဇယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၄၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်း** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့်ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ငမင်ကြိုးဝိုင်း | ၂၁၄၊ ၂၁၉ | ၅၀၀ | ၂၀၁၃-၂၀၁၄ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# လွှတ်တော်ရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက် )

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ (၂၂-၃-၂၀၁၃) တွင် ပျော်ဘွယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးက "ယနေ့ ပညာရေးစနစ်တွင် သိသင့်သိထိုက်သော ဒီမိုကရေစီစံနှုန်းများ နိုင်ငံတကာဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ကျွမ်းကျင်သောပညာရှင်များနှင့် တိုင်ပင်ကာ ထည့်သွင်းသင်ကြားပေးနိုင်/မပေးနိုင်သည်" နှင့်စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ ဖြေကြားခြင်းများ

### ဦးမြင့်စိုး (ပျော်ဘွယ်မဲဆန္ဒနယ်) ၏ ယနေ့ ပညာရေးစနစ်တွင် သိသင့်သိထိုက်သော ဒီမိုကရေစီစံနှုန်းများ နိုင်ငံတကာဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ကျွမ်းကျင်သော ပညာရှင်များနှင့် တိုင်ပင်ကာ ထည့်သွင်းသင်ကြားပေးနိုင်/မပေးနိုင်နှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းချက်

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ စည်းကမ်းပြည့်ဝပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံကို တည်ထောင်တဲ့အခါမှာ ဒီမိုကရေစီသဘောတရားတွေကို နားလည်ပြီး ဒီမိုကရေစီလမ်းကြောင်းကို ဖြောင့်ဖြောင့်တန်းတန်းသွားနိုင်ရန်အတွက် အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ပထမဦးစွာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းမှုရဲ့ ထူးခြားစွာကျေးဇူးပြုမှုများ၊ ကျေးဇူးတင်ထိုက်သူများကို ဦးစွာပထမတင်ပြလိုပါတယ်ခင်ဗျား။ ယနေ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအခင်းအကျင်းမှာ မြန်မာနိုင်ငံတော်ကြီးကို ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို မထိပါးစေဘဲ ငြိမ်းချမ်းစွာ၊ သဘောထားကြီးစွာ၊ စည်းကမ်းရှိစွာဖြင့် ဒီမိုကရေစီအခြေခံကောင်းတွေနဲ့ ချမှတ်ပြီးတော့ ငြိမ်းချမ်းစွာဖြင့် ပြည်သူ့အစိုးရသို့ အာဏာလွှဲပြောင်းပေးခဲ့ပါသော ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဖြစ်တဲ့ တပ်မတော်အစိုးရကိုလည်း အထူးလေးစားစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။ နောက်ပြီးတော့ မြန်မာ့ဒီမိုကရေစီလမ်းကြောင်း ချောမွေ့စွာသွားလာနိုင်ရေးအတွက် လွှတ်တော်အတွင်းမှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲနဲ့ ပြည်သူ့ဆန္ဒများကို အခြေခံလာလို့ရှိရင် တစ်ဦးနှင့်တစ်ဦး အတိုက်အခံမပြုလုပ်ဘဲနဲ့ တစ်ဦးသဘောကို တစ်ဦးရိုးသားစွာနားလည်ကာ လက်ခံသဘောတူမှုရှိလာအောင် ဦးဆောင်မှုပြုပေးပါသော ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအားလည်းကောင်း၊ ပြည်သူ့အကျိုးကို အပင်ပန်းခံပြီးတော့ ကြိုးစားနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း ဒီမိုကရေစီအရေးအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ဒါဟာ မြန်မာနိုင်ငံရဲ့ ထူးခြားသော၊ မြင့်မြတ်သောသဘောထားဖြင့် ဒီမိုကရေစီဖော်ဆောင်မှုဆိုရင်လည်း မမှားပါဘူးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံအတွင်းမှာ ဒီမိုကရေစီစနစ်နဲ့ ကင်းကွာနေတာဟာ နှစ်ပေါင်း ၅၀ ခန့် ရှိပါတယ်။ ယနေ့ ပြည်သူတချို့ဟာ ဒီမိုကရေစီသဘောတရား စံနှုန်းကျင့်စဉ်များကို သိရှိနားလည်မှုအားနည်းတဲ့အတွက်ကြောင့် ရိုးသားသော အချို့သောပြည်သူများကို ဒီမိုကရေစီအလွဲသုံးစားပြုသူများက အသုံးချနေတာလည်း ရှိနေပါတယ်။ အဲဒီလို ပြည်သူတွေနဲ့ မျိုးဆက်သစ်လူငယ်များကို ဒီမိုကရေစီအလွဲသုံးစားပြုသူများ၏ အသုံးချခြင်းမခံရအောင် ယနေ့ ဒီမိုကရေစီစနစ်ကို စနစ်တကျကျင့်သုံး

ပြီးတော့ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ကမ္ဘာ့နိုင်ငံများရဲ့ ဒီမိုကရေစီကျင့်စဉ်များ၊ စံနှုန်းများ၊ ကျင့်သုံးပုံများကို လည်းကောင်း၊ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်မှုအကြောင်းများကိုလည်းကောင်း နမူနာလေ့လာရန် သင်ခန်းစာအဖြစ် သင်ကြားပေးမည်ဆိုပါလျှင် နောင်လာမည့် မျိုးဆက်သစ်လူငယ်များသည် အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းကဟု ယခင်တုန်းက ဆိုစကားရှိသလို ဒီမိုကရေစီစည်းကမ်းအစ စာသင် ကျောင်းက ဖြစ်လာပါလျှင် ကျွန်တော်တို့သွားလိုတဲ့ စည်းကမ်းပြည့်ဝတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ် ဆီသို့ အမြန်ဆုံး ချောချောမောမောရောက်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ ဒါကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်နဲ့ နှစ်ပေါင်း ၅၀ ခန့် ကင်းကွာခဲ့သဖြင့် ယနေ့ ပြည်သူအချို့သည် ဒီမိုကရေစီသဘောတရားကျင့်စဉ်များကို သိရှိမှုအားနည်းပြီး အံမဝင်ခွင်မကျဖြစ်နေပါသဖြင့် နောင်လာမည့် မျိုးဆက်သစ်များတွင် ဒီမိုကရေစီစနစ်နှင့်အညီ ပြောဆိုကျင့်ကြံ နေထိုင်မှုများ စနစ်တကျအားကောင်းလာစေရန် ယနေ့ ပညာရေးစနစ်မှာ လေ့လာရန် သင်ခန်းစာအဖြစ် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် အဆင့်မြင့်ပညာအလိုက် သိသင့်သိထိုက်သော ဒီမိုကရေစီစံနှုန်း များကို နိုင်ငံတကာဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ထည့်သွင်းသင်ကြားပေးမှသာ နောင်လာမယ့် အနာဂတ်လူငယ်များသည် ဒီမိုကရေစီစနစ်နှင့်အညီ ကျင့်ကြံနေထိုင်တတ်ခြင်းအားဖြင့် နိုင်ငံအတွက် ဒီမို ကရေစီစနစ်ရဲ့ အသီးအပွင့်ကို ဆောလျင်စွာ၊ ကောင်းမွန်စွာခံစားနိုင်မယ်လို့ ထင်မြင်ယူဆပါသဖြင့် ကျောင်းသင်ခန်းစာများတွင် ကျွမ်းကျင်သောပညာရှင်များနှင့် တိုင်ပင်ကာ ထည့်သွင်းသင်ကြားပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဦးမြင့်စိုး (ပျော်ဘွယ်မဲဆန္ဒနယ်) ၏ ယနေ့ ပညာရေးစနစ်တွင် သိသင့်သိထိုက်သော ဒီမိုကရေစီစံနှုန်းများ နိုင်ငံတကာဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ကျွမ်းကျင်သော ပညာရှင်များနှင့် တိုင်ပင်ကာ ထည့်သွင်းသင်ကြားပေးနိုင်/မပေးနိုင်နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဒေါက်တာ မြအေး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန) မှ ဖြေကြားချက်**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ ပညာရေးကဏ္ဍဆိုင်ရာမေးမြန်းချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ယေဘုယျဆွေးနွေးပါမယ်။ ဖြေကြားပေးပါ့မယ်။

ဒီမိုကရေစီရဲ့ နိုင်ငံတကာစံနှုန်းက အများကို ကိုယ်စားပြုသော အများအကျိုးရှေးရှုသောစနစ်ဖြစ်သည့် အတွက် နိုင်ငံရေးပါတီများ ဖွဲ့စည်းခြင်း၊ အစိုးရအုပ်ချုပ်သူများကို ပြည်သူများက ရွေးကောက်တင်မြှောက် ခြင်းတို့ ဖြစ်ပါတယ်။ ထိုသို့ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေများ ရေးဆွဲပြဋ္ဌာန်း ရပါတယ်။ နိုင်ငံတော်အစိုးရ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအစိုးရဖြစ်စေရန်အတွက် တရားဥပဒေ စိုးမိုးရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ဆန္ဒမဲပေးရာတွင် လွတ်လပ်မှုရှိခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူပြီးမှ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်ပြုခြင်း၊ သတင်းစာ၊ စာနယ်ဇင်း လွတ်လပ်ခွင့်ရှိခြင်း၊ အများပြည်သူ စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုကို ဖော်ဆောင်ပေးခြင်း၊ ကြောက်ရွံ့မှုကင်းခြင်း၊ အများဆန္ဒသဘောထားကို အလေးထားအသိအမှတ်ပြုခြင်း စသည့် လူ့အခွင့်အရေးများဟာလည်း ဒီမိုကရေစီ၏စံနှုန်းများ ဖြစ်ပါတယ်။ အဆိုပါစံနှုန်းများအတိုင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းများတွင် သက်ဆိုင်ရာဆရာ၊ ဆရာမများက ကျောင်းသားများ၊ ကျောင်းသူများကို သိရှိနားလည်စေရန် ယခုအချိန်မှ စပြီးတော့ ထည့်သွင်းသင်ကြားပေးလျက်ရှိနေပါပြီ။ ထိုသို့ သင်ကြားပေးခြင်းဖြင့် နောင်အနာဂတ်တွင် ဒီမို ကရေစီ၏အသီးအပွင့်များကို ကောင်းမွန်စွာခံစားနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မျိုးဆက်သစ်လူငယ်များရဲ့စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားမြင့်မားရေးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိ၊ စာရိတ္တနှင့် လောကနီတိဘာသာရပ်သင်ခန်းစာများကို အခြေခံပညာအဆင့်အလိုက် သင်ကြားပေးလျက်ရှိပြီးတော့ ဒီမိုကရေစီစိတ်ထား၊ ဒီမိုကရေစီကျင့်စဉ်နှင့်ဆက်နွှယ်သော လူ့အခွင့်အလမ်းများ ပညာရေးသင်ခန်းစာများကို အလယ်တန်းအဆင့် ပဉ္စမတန်းမှ အထက်တန်းအဆင့် နဝမတန်းအထိ သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်။ ယခင်က ဆရာကိုင်စာအုပ်သာရှိခဲ့ပေမယ့်လို့ လာမယ့်နှစ်မှစပြီးတော့ ကျောင်းသား၊ ကျောင်းသူများကိုင်တဲ့စာအုပ်ပါ ကျွန်တော်တို့ ပြုစုပြီးတော့ ကလေးတွေကို ဖြန့်ဝေသွားမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် ပညာရေးတို့ အချိုးညီပြည့်ဝလာစေရေးအတွက် လူမှုစီးပွားရေးနယ်ပယ်တွင် ခိုင်မာစွာရှင်သန်နိုင်မည့် တွေးခေါ်ကျင့်ကြံပြုမူနေထိုင်တတ်သည့် အရည်အသွေးများ ပြည့်ဝလာစေရန် ယခု ပညာသင်နှစ်မှစပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းသား၊ ကျောင်းသူများအား ဗဟိုအဆင့်နှင့် ကျောင်းအဆင့် ကင်းထောက်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။ ကင်းထောက်ကတိနှင့်ကျင့်ဝတ်များတွင် ပါရှိသည့် သူတစ်ပါးအား အစဉ်ကူညီသည်၊ ဂုဏ်သိက္ခာသည်၊ ယုံကြည်စိတ်ချရသည်၊ ကိုယ်နှုတ်နှလုံးသုံးပါးစလုံး ဖြူစင်သန့်ရှင်းသည်ဟူသည့် လူသားတစ်ယောက်ဖြစ်ရေးအတွက် လေ့ကျင့်ပြုစုလျက်ရှိပါတယ်။

အခြေခံပညာကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားကောင်းအရည်အသွေးများ ပြည့်ဝစေရေးအတွက် ကျောင်းကောင်စီများ၊ ခေါင်းဆောင်များ ရွေးချယ်ရာတွင် အရည်အချင်းရှိသူ၊ ကျောင်းနှင့်ကျောင်းသား၊ ကျောင်းသူများ၏အကျိုးကို သယ်ပိုးဆောင်ရွက်မည့်သူ၊ ကိုယ်ကျင့်တရားကောင်းမွန်သူများကို ရွေးချယ်ဆန္ဒမဲပေးခြင်း၊ လူအများစု၏ဆန္ဒအရ ဆန္ဒမဲအများဆုံးရရှိသူကို ခန့်အပ်တာဝန်ပေးခြင်း၊ လူနည်းစု၏ဆန္ဒကိုလည်း အလေးထားခြင်း၊ ရွေးချယ်ခံရသူ၏ လုပ်ဆောင်မှုကို မပြတ်လေ့လာ၍ ရွေးချယ်မှု၊ မှန်ကန်မှုရှိ၊ မရှိ ပြန်လည်သုံးသပ်စေခြင်း စသည့် ကျောင်းကောင်စီရွေးချယ်မှုလုပ်ငန်းစဉ်အားလုံးကို ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာအလေ့အကျင့်များဖြင့် ချိတ်ဆက်ပညာပေး ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီမိုကရေစီနိုင်ငံသားတစ်ဦး၏ ဂုဏ်အင်္ဂါအရည်အချင်းများဖြစ်သည့် အသိဉာဏ်ပြည့်မီအောင် ဆောင်ရွက်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စိတ်သဘောထားပြည့်ဝခြင်း၊ စည်းကမ်းသေဝပ်ခြင်း၊ အများအကျိုးအတွက် ဆောင်ရွက်ခြင်း၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း စသည်တို့နှင့် ဒီမိုကရေစီနိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများဖြစ်သည့် နိုင်ငံတော်ကို ကြည်ညိုလေးစားခြင်း၊ နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းအားထုတ်ခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း စသည့် တာဝန်ကိုသိရှိခြင်းနှင့် တာဝန်ကို ခံယူလိုခြင်းဆိုင်ရာသင်ခန်းစာများကိုလည်း ရသစာပေနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များတွင် ထည့်သွင်းသင်ကြားပေးလျက်ရှိနေပါပြီ။ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်ပထမနှစ်ကျောင်းသားများအား ဒီမိုကရေစီနှင့်ပတ်သက်ဆက်နွှယ်သော သင်ရိုးညွှန်းတမ်းများကို သမိုင်းဘာသာတွင် ထည့်သွင်းသင်ကြားလျက်ရှိပါတယ်။ ကမ္ဘာ့သမိုင်းဘာသာရပ်ကို သမိုင်းအထူးပြုကျောင်းသားကျောင်းသူများအတွက် ပထမနှစ်နှင့် သမိုင်းအထူးပြုမဟုတ်သော ကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် ပထမနှစ်၊ ဒုတိယနှစ်ဝက်တွင်လည်းကောင်း၊ Modern Myanmar ကို တတိယနှစ်သမိုင်းအထူးပြု၊ ပထမနှစ်ဂုဏ်ထူးတန်းသမိုင်းအထူးပြုကျောင်းသား၊ ကျောင်းသူများအတွက်လည်းကောင်း၊ Constitutional History of Myanmar ကို တတိယနှစ်ဂုဏ်ထူးတန်းသမိုင်းအထူးပြု ကျောင်းသားကျောင်းသူများအတွက်လည်းကောင်း သင်ကြားပေးလျက်ရှိပါတယ်။ နိုင်ငံတကာဆက်ဆံရေးပညာအထူးပြု ဂုဏ်ထူးတန်းနောက်ဆုံးနှစ်နှင့် မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်းတွင် ဒီမိုကရေစီနှင့်ဆက်နွှယ်သော Political Science : Democracy စသည့် ဘာသာရပ်တွေကို ထည့်သွင်းသင်ကြားလျက်ရှိပါတယ်။ ဒါ့အပြင် မကြာခင်မှာ ကျွန်တော်တို့ Political Science ဘာသာရပ်တစ်ခုကို ဌာနအသစ်အနေနဲ့ ထူထောင်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် )

**၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇။ )**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက် )

**နိဒါန်း**

ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် လုပ်ကိုင်လျက်ရှိကြသော အလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ အခြေခံ လိုအပ်ချက်များကို ပြည့်မီစေရေးအတွက်လည်းကောင်း၊ အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတို့အတွက်လည်းကောင်း ရည်ရွယ်၍ ပြည်ထောင်စုလွှတ်တော် သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ (က) ဤဥပဒေကို **၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင် အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **အလုပ်သမား**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အလုပ်လုပ်ကိုင်ရန် အလုပ်ရှင်နှင့် သဘောတူညီချက်ပြုလုပ်၍ ကာယအား၊ ဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီ အလုပ်ကို လုပ်ကိုင်၍ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။

ယင်းစကားရပ်တွင် အခကြေးငွေရရှိသော အလုပ်သင်များနှင့် ပညာသင်များ၊ စာရေးနှင့် ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပအလုပ်သမားများ၊ အိမ်အကူနှင့် အိမ်ယာဉ်မောင်းများ၊ လုံခြုံရေး၊ အစောင့်ဝန်ထမ်းများနှင့် သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေးအလုပ်သမားများလည်း ပါဝင်သည်။ သို့ရာတွင် အောက်ပါအလုပ်သမားများနှင့် ဝန်ထမ်းများ မပါဝင် -

(၁) အလုပ်ရှင်အပေါ် မှီခို၍ အတူနေပြီး အလုပ်ရှင်၏အလုပ်ကို လုပ်ကိုင်နေသည့် အလုပ်ရှင်၏ မိသားစုဝင်ဖြစ်သော ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘနှင့် ညီအစ်ကိုမောင်နှမအရင်းများ၊

(၂) နိုင်ငံ့ဝန်ထမ်းများ၊

(၃) ပင်လယ်ကူးသင်္ဘောသားများ။

(ခ) **အလုပ်ရှင်**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်ထားသော အရေအတွက်အောက် မလျော့သော အလုပ်သမားများအား သဘောတူညီချက်ဖြင့် အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါ ပုဂ္ဂိုလ်များလည်း ပါဝင်သည် -

(၁) အလုပ်ရှင်၏စီမံခန့်ခွဲမှုဆိုင်ရာကိုယ်စားလှယ်၊

(၂) အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ သို့မဟုတ် အခကြေးငွေပေးရန် တာဝန်ရှိသူ၊

(၃) အလုပ်ရှင်သေဆုံးသည့်အခါ အမွေဆက်ခံသူ၊ အလုပ်ရှင်အနေဖြင့် ဆက်ခံသူ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်၊

(၄) အစုစပ်လုပ်ငန်းဖြစ်ပါက အစုဝင်တစ်ဦးချင်းသည်လည်းကောင်း၊ အစုဝင်အားလုံးသည်လည်းကောင်း၊ လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရန် အစုစပ်လုပ်ငန်းက လွှဲအပ်ခြင်းခံရသူသည်လည်းကောင်း အလုပ်ရှင်ဖြစ်သည်။

(၅) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ တည်ထောင်သော ကုမ္ပဏီဖြစ်ပါက ဒါရိုက်တာအဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များသည်လည်းကောင်း၊ လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရန် ကုမ္ပဏီက ဥပဒေနှင့်အညီ လွှဲအပ်ခြင်းခံရသူ၊

(၆) သမဝါယမအသင်းဥပဒေအရ တည်ထောင်သောအသင်းဖြစ်ပါက သမဝါယမအသင်း အမှုဆောင်အဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်များ။

(ဂ) **ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ အမျိုးသားကော်မတီက ဤဥပဒေပုဒ်မ ၆ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းနှင့် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းတစ်ခုခုကိုသော်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းလုပ်ငန်းများနှင့်ဆက်နွှယ်သော သတ်မှတ်သည့်လုပ်ငန်းတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း**ဆိုသည်မှာ အမျိုးသားကော်မတီက ဤဥပဒေပုဒ်မ ၆ အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေနှင့် မြေလွတ်မြေရိုင်းတစ်ခုခုတွင် ထွန်ယက်ခြင်း၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ အပင်ပျိုးထောင်ခြင်း၊ ပြုစုခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် စိုက်ပျိုးရေးထွက်ကုန် ကောက်ပဲသီးနှံများကို ရိတ်သိမ်းခြင်း၊ ခူးဆွတ်ခြင်း လုပ်ငန်းကိုသော်လည်းကောင်း၊ ကြက်၊ ဘဲ၊ ငုံး၊ ငှက်နှင့် ပျား အပါအဝင် ခြံမွေး အိမ်မွေးတိရစ္ဆာန် မွေးမြူခြင်းလုပ်ငန်း၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ အပါအဝင်

တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်း၊ ငါးနှင့်ရေသတ္တဝါမွေးမြူခြင်းလုပ်ငန်းကိုသော်လည်းကောင်း၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းကိုသော်လည်းကောင်း၊ ယင်းလုပ်ငန်းတစ်ခုခုနှင့် ဆက်စပ်၍ သတ်မှတ်သည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

( င ) **အခကြေးငွေ**ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ် အလုပ် သို့မဟုတ် အခြားအချိန်ပိုင်းအလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရ သဖြင့် ရသင့်သော အခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပို လုပ်ခသည်လည်းကောင်း၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်မှ အပိုပေးသည့် ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါ ငွေကြေးများ မပါဝင် -

(၁) ခရီးစရိတ်များ၊

(၂) ပင်စင်လစာနှင့် အငြိမ်းစားလုပ်သက်ဆုငွေ၊

(၃) လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေကြေးများ၊

(၄) နေထိုင်ခနှင့် စားသောက်စရိတ်များ၊ မီးဖိုး၊ ရေဖိုးနှင့် အခွန်အခများ၊

(၅) ဆေးကုသစရိတ်နှင့် အပန်းဖြေခများ၊

(၆) အလုပ်ထုတ်နစ်နာကြေးနှင့် ကရုဏာကြေးများ၊

(၇) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဤဥပဒေပါ အခကြေးငွေနှင့် မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော အခြားအခကြေးငွေများ။

( စ ) **အဖွဲ့အစည်း**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့ အစည်း သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းကို ဆိုသည်။

(ဆ) **အလုပ်သမားနှင့် အလုပ်ရှင်တို့၏ကိုယ်စားလှယ်များ**ဆိုသည်မှာ အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်ရှင်အဖွဲ့အစည်းများအား ကိုယ်စားပြုသည့် ကိုယ်စားလှယ်များကိုသော်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းမရှိသေးပါက အလုပ်သမားများအား ကိုယ်စားပြုသည့် ကိုယ်စားလှယ် များကိုသော်လည်းကောင်း၊ အလုပ်ရှင်အဖွဲ့အစည်းမရှိသေးပါက အလုပ်ရှင်များအား ကိုယ်စား ပြုသည့် ကိုယ်စားလှယ်များကိုသော်လည်းကောင်း ဆိုသည်။

( ဇ ) **အမျိုးသားကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ အစိုးရကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များ သုံးပွင့်ဆိုင် ပါဝင်ဖွဲ့စည်းသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(ဈ) **ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလိုက် ဖွဲ့စည်းသော အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီကို ဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနကို ဆိုသည်။

( ဋ ) **ဦးစီးဌာန**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။

( ဌ ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာ

ဆောင်ရွက်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကိုသော်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုသော်လည်းကောင်း စစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိတစ်ဦးဦးကို ဆိုသည်။

## အခန်း (၂)
## အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်သမ္မတသည် -

(က) အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာအစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်း သို့မဟုတ် အလုပ်သမားများ၏ကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်ရှင်များ၏ ကိုယ်စားလှယ်များ၊ အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာလုပ်ငန်းကျွမ်းကျင်ပြီး မျှတစွာဆောင်ရွက်မည့် အခြားပုဂ္ဂိုလ်များ ပါဝင်သည့် အမျိုးသားကော်မတီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်း ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေး ရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အမျိုးသားကော်မတီ၏သက်တမ်းသည် သုံးနှစ်ဖြစ်ပြီး ယင်းသက်တမ်းအတွင်း လိုအပ်ပါက အဖွဲ့ဝင်များကို အစားထိုးပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ အမျိုးသားကော်မတီကို ဖွဲ့စည်းရာ၌ -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အလုပ်သမားရေးရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်း၊ လူမှုရေးတို့နှင့် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဖြစ်ရမည်။

(ခ) အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များသည် -

(၁) သက်ဆိုင်ရာအဖွဲ့အစည်း၏ အကျိုးကိုသော်လည်းကောင်း၊ အလုပ်ရှင်နှင့်အလုပ်သမား များ၏ အကျိုးကိုသော်လည်းကောင်း သယ်ပိုးလိုသူများ ဖြစ်ရမည်။

(၂) သတ်မှတ်ချက်နှင့်အညီ ဦးရေတူညီရမည့်အပြင် ယင်းကိုယ်စားလှယ်များ၏ ဆန္ဒထုတ်ဖော် ရာတွင်လည်း အခွင့်အရေးတူညီရမည်။

(ဂ) အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သည့် အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ပါဝင်ဖွဲ့စည်းနိုင်ပြီး ထိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိ၍ အလုပ်သမားနှင့် အလုပ်ရှင်တို့အကြား မျှတစွာဆောင်ရွက်တတ်သူဖြစ်ရမည်။

## အခန်း (၃)
## အမျိုးသားကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ အမျိုးသားကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေအရ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် အခြေခံသင့်သည့်အချက်များနှင့် စပ်လျဉ်း၍ အမျိုးသားအဆင့်မူဝါဒများ ချမှတ်ခြင်း၊

(ခ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာ စိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြနိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ

ပါဝင်သည့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော အမျိုးသားအဆင့်မူဝါဒများနှင့်အညီ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများအား လမ်းညွှန်ခြင်း၊

(ဃ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် အခြေခံသင့်သည့်အချက်များနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ စာရင်းစစ်တမ်းများကောက်ယူ၍ စိစစ်တွက်ချက်ခြင်း၊ စီမံကိန်းများနှင့်အစီအစဉ်များ ချမှတ်ခြင်း၊

(င) အနည်းဆုံးအခကြေးငွေကို နိုင်ငံတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက်သော်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကို လေ့လာစိစစ်ပြီး ဤဥပဒေအခန်း (၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို သတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း၊

(စ) ပုဒ်မခွဲ (င) အရ အမိန့်ကြော်ငြာစာထုတ်ပြန်မည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများတွင် အလုပ်ကျွမ်းကျင်မှုအလိုက် အလုပ်ချိန် တစ်နာရီ၊ တစ်ရက်၊ ရက်သတ္တပတ်၊ တစ်လအတွက် အခကြေးငွေ သို့မဟုတ် အခြားအချိန်ပိုင်းအလုပ်တစ်ခုခုအတွက် အခကြေးငွေနှုန်းထားကို လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှု အလားအလာအပေါ် လေ့လာစိစစ်ပြီး ထည့်သွင်းဖော်ပြခြင်း၊

(ဆ) အမျိုးသားကော်မတီ၏ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်ရှိခဲ့လျှင် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းစေပြီး ပြန်လည်တင်ပြသည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီ၏ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် စိစစ်၍ သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားကို ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုတို့ကို ခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး နှစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာခြင်း၊

(ဈ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး၊ ပြန်လည်သုံးသပ်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ည) အမျိုးသားကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း၊

(ဋ) အမျိုးသားကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

## အခန်း (၄)
## လုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း

၆။ အမျိုးသားကော်မတီသည် ဤဥပဒေပါ အနည်းဆုံးအခကြေးငွေဆိုင်ရာပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။ ထို့အပြင် အဆိုပါ လုပ်ငန်းများကို ပြောင်းလဲလာသော အခြေအနေနှင့်အညီ အခါအားလျော်စွာပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၅)
## အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အခြေခံရမည့်အချက်များ

၇။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့် ပြည်နယ်ကော်မတီများက လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုရာတွင်လည်းကောင်း၊ အမျိုးသား ကော်မတီက အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင်လည်းကောင်း အောက်ဖော်ပြပါအချက်များကို အခြေခံရမည် -

(က) အလုပ်သမားများနှင့် ယင်းတို့၏မိသားစုလိုအပ်ချက်များ၊

(ခ) လက်ရှိလုပ်ခများ၊

(ဂ) လူမှုဖူလုံရေးအကျိုးခံစားခွင့်များ၊

(ဃ) စားဝတ်နေရေးကုန်ကျစရိတ်နှင့် ယင်းကုန်ကျစရိတ်တို့၏ ပြောင်းလဲချက်များ၊

(င) လိုက်လျောညီထွေမှုရှိမည့် လူနေမှုဘဝအဆင့်အတန်း၊

(စ) နိုင်ငံတော်၏ စီးပွားရေးနှင့်ကုန်ထုတ်စွမ်းအားတိုးတက်ရေး လိုအပ်ချက်များနှင့်အညီ အလုပ်အကိုင် အခွင့်အလမ်းများ၊

(ဆ) နိုင်ငံတော်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုးနှင့် တစ်ဦးချင်းဝင်ငွေ၊

(ဇ) ကျန်းမာရေးကို ထိခိုက်စေနိုင်သော အသက်အန္တရာယ်ဖြစ်စေနိုင်သော အလုပ်၊ လုပ်ငန်းခွင်၏ သဘောသဘာဝ၊

(ဈ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် သတ်မှတ်သော အခြားအချက်များ။

## အခန်း (၆)
## အနည်းဆုံးအခကြေးငွေသတ်မှတ်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

၈။ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီ တို့သည် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အခြေခံသင့်သည့်အချက်များနှင့် ထည့်သွင်း စဉ်းစားရမည့်အချက်များကို လေ့လာပြီး သတ်မှတ်သင့်သည့်နှုန်းထားများကို အမျိုးသားကော်မတီသို့ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အကြံပြုချက်များ တင်ပြရမည်။

၉။ အထူးစီးပွားရေးဇုန်များရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ -

(က) သက်ဆိုင်ရာအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအလိုက် အလုပ်သမားနှင့် ဝန်ထမ်းတို့အတွက် သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အမျိုးသားကော်မတီသို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်အပေါ် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမျိုးသားကော်မတီက သတ်မှတ်ပေးရမည်။

၁၀။ အမျိုးသားကော်မတီသည် -

(က) ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့အရ အကြံပြုချက်အပေါ် စဉ်းစားသုံးသပ်ပြီးနောက် အနည်းဆုံးအခကြေးငွေသတ်မှတ်မည့် အဆိုပြုအမိန့်ကြော်ငြာစာကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ နိုင်ငံတော်ပြန်တမ်းနှင့် သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်ကြေညာရေးနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများအား အသိပေးအကြောင်းကြားရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။

(ခ) အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်မရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ အနည်းဆုံးအခကြေးငွေနှုန်းထားကို သတ်မှတ်ရမည်။

(ဂ) အကယ်၍ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်ရှိသည့်ကိစ္စတွင် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီအား ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ညှိနှိုင်းစေပြီး အဆိုပြုနှုန်းထားကို ပြန်လည်တင်ပြစေရမည်။

(ဃ) သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက ပုဒ်မခွဲ (ဂ) အရ ထပ်မံအဆိုပြုတင်ပြသည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် စိစစ်၍ သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ဆုံးဖြတ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ အနည်းဆုံးအခကြေးငွေနှုန်းထားကို သတ်မှတ်ရမည်။

(င) ပုဒ်မခွဲ (ခ) သို့မဟုတ် (ဃ) အရ သတ်မှတ်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ပုဒ်မခွဲ (က) နှင့်အညီ အများပြည်သူသိရှိရန်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အလုပ်ရှင်နှင့် အလုပ်သမားများ သိရှိရန် ထုတ်ပြန်ကြေညာရေးနှင့် အသိပေးအကြောင်းကြားရေးတို့အတွက် ဦးစီးဌာနကို တာဝန်ပေးရမည်။

၁၁။ ပုဒ်မ ၉ နှင့် ၁၀ တို့အရ အမျိုးသားကော်မတီက သတ်မှတ်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ကျေနပ်မှုမရှိသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်၍ ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

## **အခန်း (၇)**
## **အလုပ်ရှင်၏တာဝန်များ**

၁၂။ အလုပ်ရှင်သည် -

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေအောက် လျှော့နည်း၍ အလုပ်သမားအား အခကြေးငွေပေးခြင်းမပြုရ။

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေထက် ပို၍ပေးနိုင်သည်။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာတွင် အနည်းဆုံးအခကြေးငွေမှ နုတ်ယူခွင့်ရှိသည်ဟု သတ်မှတ်ထားသော အခကြေးငွေမှအပ အခြားအခကြေးငွေကို နုတ်ယူခွင့်မရှိစေရ။

(ဃ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများအား အနည်းဆုံးအခကြေးငွေကို ငွေသားဖြင့် ပေးရမည်။ ထို့ပြင်

သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမား၏ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ပေးနိုင်သည်။

(င) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား အနည်းဆုံးအခကြေးငွေပေးရာတွင် ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရဖြစ်စေ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ပေးနိုင်သည်။ ထိုသို့ပေးခြင်းသည် အလုပ်သမားနှင့် ယင်း၏မိသားစုကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ဖြစ်ရမည့်အပြင် ပေးသည့်တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။

၁၃။ အလုပ်ရှင်သည် -

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားများအနက် လုပ်ငန်းနှင့်သက်ဆိုင်သော အနည်းဆုံးအခကြေးငွေနှုန်းထားများကို အလုပ်သမားများအား အသိပေးရမည့်အပြင် လုပ်ငန်းခွင်တွင် သက်ဆိုင်ရာအလုပ်သမားများ မြင်နိုင်စေရန် ကြော်ငြာထားရမည်။

(ခ) အလုပ်သမားများ၏ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာမှတ်တမ်းပြုစုထားရှိရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပြုစုထားရှိသော စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနသို့ အစီရင်ခံရမည်။

(ဃ) စစ်ဆေးရေးအရာရှိက စစ်ဆေးရန် ဆင့်ဆိုသည့်အခါ သွားရောက်စစ်ဆေးခံရမည်။ ထို့ပြင် အဆိုပါစာရင်းနှင့် မှတ်တမ်းများကို တောင်းခံသည့်အခါ တင်ပြရမည်။

(င) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းခွင်များသို့ စစ်ဆေးရေးအရာရှိက ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီး လိုအပ်သောအကူအညီများ ပေးရမည်။

(စ) အလုပ်သမားများ ဖျားနာ၍ အလုပ်မလုပ်ကိုင်နိုင်သည့်အခါ သတ်မှတ်ချက်များနှင့်အညီ ဆေးကုသရန် အလုပ်နားခွင့်ပေးရမည်။

(ဆ) အလုပ်သမားများ၏မိသားစုဝင် သို့မဟုတ် မိဘ နာရေးကိစ္စဖြစ်သည့်အခါ အနည်းဆုံးအခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့်အညီ အလုပ်နားခွင့်ပေးရမည်။

## အခန်း (၈)

## အနည်းဆုံးအခကြေးငွေနှင့်စပ်လျဉ်း၍ အလုပ်သမားများ၏အခွင့်အရေးများ

၁၄။ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုတွင် အလုပ်လုပ်နေသော အလုပ်သမားသည် -

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေကိုသော်လည်းကောင်း၊ ထိုအခကြေးငွေထက် အလုပ်ရှင်က ပို၍ပေးပါက ပိုပေးသည့် အခကြေးငွေကိုသော်လည်းကောင်း ရထိုက်ခွင့်ရှိသည်။

(ခ) ဤဥပဒေ အာဏာမတည်မီက ရရှိနေသော အခကြေးငွေသည် ဤဥပဒေအရ သတ်မှတ်သော အနည်းဆုံးအခကြေးငွေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသောအခကြေးငွေကို ဆက်လက်ခံစားခွင့်ရှိသည်။

(ဂ) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်ပါ အနည်းဆုံးအခကြေးငွေမှာ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေထက် လျော့နည်းနေပါက ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေကို ရထိုက်ခွင့်ရှိသည်။

(ဃ) အလုပ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အလုပ်ကို လုပ်ကိုင်သည့်အခါ လုပ်ကိုင်သော အလုပ်အသီးသီးအတွက် သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေထက် မနည်းစေဘဲ ခံစားခွင့်ရှိသည်။

(င) အချိန်ပိုင်း၊ နာရီပိုင်းအလုပ်တွင် အလုပ်လုပ်သည့်အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို ခံစားခွင့်ရှိစေရမည်။

(စ) လစားအလုပ်အတွက် ရက်သတ္တတစ်ပတ်လျှင် တစ်ရက် နားခွင့်ရှိပြီး ထိုနားရက်အတွက် အခကြေးငွေ ရထိုက်ခွင့်ရှိသည်။ အကယ်၍ ထိုနားရက်တွင် အလုပ်လုပ်ရပါက တည်ဆဲဥပဒေနှင့်အညီ အချိန်ပိုလုပ်ခ ရထိုက်ခွင့်ရှိသည်။

(ဆ) နေ့စားအလုပ်တွင် သတ်မှတ်ထားသည့် တစ်နေ့အလုပ်ချိန်နာရီထက်လျော့၍ အလုပ်လုပ်ခြင်းမှာ အလုပ်သမား၏ဆန္ဒအရမဟုတ်လျှင်သော်လည်းကောင်း၊ အလုပ်ရှင်က အလုပ်မပေးနိုင်၍ အလုပ်နားရလျှင်သော်လည်းကောင်း အချိန်ပြည့်အလုပ်လုပ်ဘိသကဲ့သို့ အခကြေးငွေရထိုက်ခွင့်ရှိသည်။

(ဇ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ ခံစားခွင့်ရှိစေရမည်။

(ဈ) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်သော အလုပ်သမားဖြစ်ပါက အနည်းဆုံးအခကြေးငွေကို ငွေသားဖြင့် ရထိုက်ခွင့်ရှိသည်။ ထို့ပြင် သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမားများ၏ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ဖြစ်စေ ရထိုက်ခွင့်ရှိသည်။

(ည) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားဖြစ်ပါက အနည်းဆုံးအခကြေးငွေကို ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရဖြစ်စေ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ အလုပ်သမားနှင့် ၎င်း၏မိသားစုအတွက် သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

၁၅။ ပုဒ်မ ၁၄ အရ အခကြေးငွေနှင့် အခြားခံစားခွင့်များ ရထိုက်ခွင့်ရှိသော အလုပ်သမားသည် -

(က) ရထိုက်ခွင့်ရှိသော အခကြေးငွေနှင့် အခြားခံစားခွင့်အားလုံးကို မရရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေအောက်လျော့နည်း၍ ရရှိလျှင်သော်လည်းကောင်း အဆိုပါနစ်နာသော အခကြေးငွေနှင့် အခြားခံစားခွင့်များရရှိရေးအတွက် ရထိုက်ခွင့်ရှိသည့်နေ့မှ တစ်နှစ်အတွင်း သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီနှင့် ဦးစီးဌာနသို့ တင်ပြနိုင်သည်။

(ခ) ရထိုက်ခွင့်ရှိသော အခကြေးငွေအားလုံးအတွက် တရားမကြောင်းအရ တရားစွဲဆိုနိုင်သည်။

၁၆။ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှင့် အခြားခံစားခွင့်များကို အလုပ်သမားအား ပေးရန်ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ ထိုအနည်းဆုံးအခကြေးငွေထက် လျော့နည်း၍ အလုပ်သမားအား ပေးခြင်းကြောင့်သော်လည်းကောင်း အလုပ်ရှင်အပေါ် တရားရုံးက ပြစ်ဒဏ်ချမှတ်ပြီးနောက် ပေးရန်ပျက်ကွက်သော အခကြေးငွေနှင့် အခြားခံစားခွင့်ကို ဒဏ်ငွေအဖြစ် သက်ဆိုင်ရာအလုပ်သမားအား ပေးရန် အမိန့်ချမှတ်စေကာမူ ပုဒ်မ ၁၄ အရ ထိုအလုပ်သမားသည် ခံစားခွင့်ရှိသော အခကြေးငွေနှင့် အခြားခံစားခွင့် အပြည့်အဝမရရှိပါက ထိုအခကြေးငွေနှင့် ခံစားခွင့်များအတွက် တရားမကြောင်းအရ တရားစွဲဆိုတောင်းခံခွင့်ကို ထိခိုက်ခြင်းမရှိစေရ။

## အခန်း (၉)
## စစ်ဆေးရေးအရာရှိများအား တာဝန်ပေးအပ်ခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၁၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း စစ်ဆေးရန်အလို့ငှာ သက်ဆိုင်ရာဦးစီးဌာနမှ အရာရှိများအား စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးရမည်။

၁၈။ စစ်ဆေးရေးအရာရှိသည် -

(က) အလုပ်ရှင်က ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကိုလည်းကောင်း၊ အလုပ်သမားများဆိုင်ရာ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေများကို မှန်ကန်စွာမှတ်တမ်းပြုစုထားခြင်း ရှိ မရှိကိုလည်းကောင်း၊ အဆိုပါစာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများကို ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံတင်ပြခြင်း ရှိ မရှိကိုလည်းကောင်း သက်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်၊ ဝန်ဆောင်မှုလုပ်ငန်းခွင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းခွင်များသို့ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။

(ခ) ဦးစီးဌာန၏ တာဝန်ပေးအပ်ချက်အရ သက်ဆိုင်သည့်ပုဂ္ဂိုလ်များအား ဆင့်ဆိုခြင်း၊ စစ်ဆေးခြင်း၊ သက်ဆိုင်ရာ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများကို တောင်းခံခြင်းနှင့် မိတ္တူကူးယူခြင်းတို့ ပြုနိုင်သည်။

(ဂ) အလုပ်ရှင်ထံတွင် ပြင်ပအလုပ်သမားများ ရှိပါက ထိုပြင်ပအလုပ်သမားများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ယင်းတို့၏အမည်နှင့် နေရပ်လိပ်စာများကို စစ်ဆေးခွင့်၊ လုပ်ငန်းခွင်ပြင်ပ အလုပ်သမားများ၏ စာရင်းနှင့် အခကြေးငွေဆိုင်ရာ စာရင်းဇယားမှတ်တမ်းများကို တောင်းခံခွင့်၊ မိတ္တူကူးခွင့်ရှိသည်။

(ဃ) စစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်ရှင်က အထောက်အထားကို တောင်းဆိုပါက သက်ဆိုင်ရာဦးစီးဌာနက ထုတ်ပေးထားသည့် ဝန်ထမ်းစိစစ်ရေးသက်သေခံလက်မှတ်ကို ပြသရမည်။

(င) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ စစ်ဆေးတွေ့ရှိချက်နှင့် တောင်းခံသည့် အထောက်အထား စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

၁၉။ ဦးစီးဌာနသည် ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေပေးဆောင်ရန် ပျက်ကွက်သည့် အလုပ်ရှင်ထံမှလည်းကောင်း၊ အနည်းဆုံးအခကြေးငွေ ပေးဆောင်ရန်ကျန်ရှိသော အလုပ်ရှင်ထံမှလည်းကောင်း အလုပ်သမားက ရရန်ရှိသော အခကြေးငွေများကို ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြ၍ ထိုကော်မတီ၏ဆုံးဖြတ်ချက်အရ တောင်းခံပြီး ပေးရမည်။

၂၀။ ဦးစီးဌာနသည် ပုဒ်မ ၁၉ အရ တောင်းခံသော်လည်း သတ်မှတ်ပေးသောအချိန်အတွင်း အလုပ်ရှင်က အနည်းဆုံးအခကြေးငွေပေးရန် ပျက်ကွက်လျှင် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သဘောတူညီချက်ဖြင့် ထိုအလုပ်ရှင်အား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးအား တာဝန်ပေးရမည်။

၂၁။ စစ်ဆေးရေးအရာရှိများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဦးစီးဌာန၏ ညွှန်ကြားချက်နှင့် တာဝန်ပေးအပ်ချက်တို့အရ တရားစွဲဆိုနိုင်သည်။

## အခန်း (၁၀)

## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၂၂။ မည်သည့်အလုပ်ရှင်မျှ -

(က) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေကို အလုပ်သမားအား ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) ပုဒ်မ ၁၄ အရ အလုပ်သမားရထိုက်ခွင့်ရှိသော အနည်းဆုံးအခကြေးငွေနှင့် အခြားခံစားခွင့်များအောက် လျှော့နည်း၍ အလုပ်သမားအား ပေးခြင်းမပြုရ။

(ဂ) အလုပ်သမားများ၏စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေစာရင်းများနှင့် စပ်လျဉ်း၍ -

(၁) မမှန်မကန်ရေးသွင်းခြင်း၊ လိမ်လည်၍ မှတ်တမ်းပြုစုခြင်း သို့မဟုတ် မမှန်မကန်လိမ်လည်၍ အစီရင်ခံခြင်းမပြုရ။

(၂) သက်ဆိုင်ရာဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံတင်ပြရန် ပျက်ကွက်ခြင်း မရှိစေရ။

(၃) စစ်ဆေးရေးအရာရှိက တောင်းခံသည့်အခါ တင်ပြရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဃ) စစ်ဆေးရေးအရာရှိက ဆင့်ဆိုလျှင် သွားရောက်စစ်ဆေးခံရန် ခိုင်လုံသောအကြောင်းမရှိဘဲ ပျက်ကွက်ခြင်းမရှိစေရ။

(င) တာဝန်အရ လာရောက်စစ်ဆေးသော စစ်ဆေးရေးအရာရှိအား ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

၂၃။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅ သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၄။ မည်သည့်အလုပ်ရှင်မျှ -

(က) အနည်းဆုံးအခကြေးငွေ အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားများအနက် မိမိ၏အလုပ်သမားများနှင့်သက်ဆိုင်သော အနည်းဆုံးအခကြေးငွေနှုန်းထားများနှင့်စပ်လျဉ်း၍ အလုပ်သမားများအား အသိပေးပြီး လုပ်ငန်းဌာနနှင့် လုပ်ငန်းခွင်တို့တွင် အလုပ်သမားများ မြင်နိုင်မည့်နေရာ၌ ကြော်ငြာထားရန် ပျက်ကွက်ခြင်းမရှိစေရ။

၂၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၆။ တရားရုံးသည် ပုဒ်မ ၂၃ နှင့် ၂၅ တို့အရ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်သည့်အခါ အလုပ်ရှင်က ပေးဆောင်ရန်ပျက်ကွက်သော အခကြေးငွေကို ငွေဒဏ်အဖြစ် ချမှတ်ပြီး အလုပ်သမားအား ပေးရမည်။

၂၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**အခန်း (၁၁)**

**အထွေထွေ**

၂၈။ ဤဥပဒေ အာဏာမတည်မီကဖြစ်စေ၊ ဤဥပဒေအာဏာတည်ပြီးနောက်ဖြစ်စေ ဤဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေအောက် လျော့နည်း၍ ချုပ်ဆိုထားသော အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူစာချုပ်၊ အလုပ်ခန့်ထားမှုဆိုင်ရာ နှုတ်ပဋိညာဉ် သို့မဟုတ် သဘောသက်ရောက်သော ပဋိညာဉ်ပါ အခကြေးငွေနှင့်သက်ဆိုင်သမျှ သဘောတူညီချက်သည် ဤဥပဒေနှင့်ဆန့်ကျင်သမျှ ပျက်ပြယ် စေရမည်။

၂၉။ (က) နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီ၏ အဖွဲ့ဝင်များသည် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၀။ ဤဥပဒေပါ လုပ်ငန်းတာဝန်နှင့်စပ်လျဉ်းသည့် အမျိုးသားကော်မတီ၏ ကုန်ကျစရိတ်အဝဝကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှလည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၏ ကုန်ကျစရိတ်အဝဝကို နေပြည်တော်ကောင်စီ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှလည်းကောင်း၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီ၏ ကုန်ကျစရိတ်အဝဝကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှလည်းကောင်း ကျခံရမည်။

၃၁။ ဝန်ကြီးဌာနသည် အမျိုးသားကော်မတီနှင့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို စီစဉ် ဆောင်ရွက်ပေးရမည်။

၃၂။ ဤဥပဒေပါ ပြစ်မှုများကို ဦးစီးဌာနက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိကသာ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

၃၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီ၏ အဖွဲ့ဝင်များသည်လည်းကောင်း၊ ပြည်ထောင်စု နယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီဝင်များသည်လည်းကောင်း၊ ဤဥပဒေအရ လိုအပ်၍ သီးခြားတာဝန်ပေးသည့် ပုဂ္ဂိုလ် သို့မဟုတ် အခြားအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်များသည် လည်းကောင်း ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မတီဝင် တစ်ဦးဦးကိုဖြစ်စေ၊ စစ်ဆေးရေးအရာရှိတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှု ကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၃၅။ ဦးစီးဌာနသည် အနည်းဆုံးအခကြေးငွေနှင့်စပ်လျဉ်းသည့် အောက်ပါအချက်အလက်များကို ဝန်ကြီးဌာနသို့ တင်ပြရမည် -

(က) အနည်းဆုံးအခကြေးငွေ သတ်မှတ်သည့် ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းပုံနည်းလမ်းများ၊

(ခ) အနည်းဆုံးအခကြေးငွေနှင့်သက်ဆိုင်သည့် လုပ်ငန်းများနှင့် ခန့်မှန်းအလုပ်သမားဦးရေ၊

(ဂ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေများ၊

(ဃ) အနည်းဆုံးအခကြေးငွေနှုန်းထားများနှင့်စပ်လျဉ်း၍ အခြားအရေးကြီးသောကိစ္စများ ရှိပါက ထိုကိစ္စများ။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၇။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ အောက်ပါအက်ဥပဒေများကို အာဏာတည်ခြင်းမှ ရုပ်စဲစေရမည် -

(က) ၁၉၄၉ ခုနှစ်၊ အနည်းဆုံးအခကြေးငွေအက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၆)၊

(ခ) လယ်ယာအလုပ်သမား အနည်းဆုံးအခကြေးငွေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၄)။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် )

**နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေ (၁၉၅၀ ပြည့်နှစ် အက်ဥပဒေ အမှတ် ၅၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် )

### ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေ (The Custodian of Movable Property Act, 1945) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများမှအဆက် ]**

၁၆။ (ဂ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းတို့တွင် အစုန်ကို ဦးစားပေး၍ ရေယာဉ်တစ်စီးချင်းသာ ဖြတ်သန်းရမည်။

(ဃ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းတို့တွင် ရေယာဉ်တစ်စီးက အခြား ရေယာဉ်တစ်စီးကို ကျော်တက်ခြင်းမပြုရ။

၁၇။ ဦးစီးဌာနမှတာဝန်ရှိသူတို့သည် -

(က) မြစ်ချောင်းများ၌ ရေလမ်းကြောင်းကို အဟန့်အတားဖြစ်စေသူ သို့မဟုတ် ခုတ်မောင်းသွားလာ နေသော ရေယာဉ်အား အနှောင့်အယှက်ဖြစ်စေသူထံ အဆိုပါအဟန့်အတားဖြစ်စေသည့်ပစ္စည်းများ၊ အရာဝတ္ထုများကို အမြန်ဆုံးရွှေ့ပြောင်းဖယ်ရှားပေးရန် အမိန့်ထုတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ အမိန့်ထုတ်ဆင့်သော်လည်း အမြန်ဆုံးရွှေ့ပြောင်းဖယ်ရှားပေးခြင်း မပြုပါက အဆိုပါ အဟန့်အတားဖြစ်စေသည့်ပစ္စည်းများ၊ အရာဝတ္ထုများကို ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် ရှင်းလင်းဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၁၈။ မြစ်ချောင်းများ၌ ရေလမ်းကြောင်းကို အဟန့်အတားဖြစ်စေသူ သို့မဟုတ် ခုတ်မောင်းသွားလာ နေသော ရေယာဉ်အား အနှောင့်အယှက်ဖြစ်စေသူသည် ဦးစီးဌာနမှတာဝန်ရှိသူတို့က နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ရာ၌ ကုန်ကျသည့်စရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၁၉။ (က) ဦးစီးဌာနသည် မိမိဌာန၏ ရေကြောင်းပြဖြင့်သာ ဖြတ်သန်းရမည့် ဘေးအန္တရာယ်ဖြစ်စေ နိုင်သော ရေကြောင်းများနှင့် ဖြတ်သန်းရမည့် ရေယာဉ်အရွယ်အစားကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

(ခ) ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ဦးစီးဌာနက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့်ရေကြောင်းများတွင် ဖြတ်သန်းခြင်းမပြုမီ ရေယာဉ်များ ဘေးအန္တရာယ် မဖြစ်စေရေးအတွက် ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ တောင်းခံရမည်။

(ဂ) ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်းများ တင်ဆောင်လာသော ရေယာဉ်များ၊ ဝန်လေးတင် ရေယာဉ်များမှ ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရန်အလို့ငှာ ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံပါက သတ်မှတ်ထားသောရေကြောင်းပြခကို ပေးဆောင် ရမည်။

(ဃ) နိုင်ငံခြားသားခရီးသည်ပါရှိသော အပျော်စီးရေယာဉ်များမှ ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရန်အလို့ငှာ ရေကြောင်းပြတာဝန် ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံပါက သတ်မှတ်ထားသောရေကြောင်းပြခကို ပေးဆောင်ရမည်။

(င) ဦးစီးဌာနသည် နည်းဥပဒေခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ ခွင့်ပြုချက် တောင်းခံလာသည့်အခါ အဆိုပါ ရေယာဉ်များ ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရေးအတွက် ရေကြောင်းပြ တာဝန် ထမ်းဆောင်ပေးရမည်။

## အခန်း (၆)

## မြစ်ကူးတံတားနှင့်ချောင်းကူးတံတားကြီးများ ဆောက်လုပ်ခြင်း

၂၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်း လိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း မြစ်ကူးတံတားကြီးများကိုဖြစ်စေ၊ ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်လိုလျှင် လုပ်ငန်းအတိုင်းအတာပမာဏနှင့် လုပ်ငန်းကာလ တို့ကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြပြီး သဘောတူညီချက် တောင်းခံရမည်။

၂၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၂၀ အရ သဘောတူညီချက် တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ကူးတံတားကြီး များကိုဖြစ်စေ၊ ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်ရန် စည်းကမ်းချက်များ သတ်မှတ်၍ သဘော တူညီချက်ပေးနိုင်သည်။

၂၂။ နည်းဥပဒေ ၂၁ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့ အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ကူးတံတားကြီးများကိုဖြစ်စေ၊ ချောင်းကူးတံတားကြီး များကိုဖြစ်စေ ဆောက်လုပ်ခြင်းအတွက် တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှုဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၇)

## မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး

၂၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအလို့ငှာ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဦးစီးဌာန၏ တင်ပြချက်အပေါ် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) မြစ်ကူးတံတား တစ်ခုချင်း၏ ကင်းလွတ်အကျယ်နှင့် အမြင့်တို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ခြင်း။

၂၄။ ဦးစီးဌာနသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -

(က) မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရန်အလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း၍ လိုအပ်သော ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ထားသော မြစ်ကူးတံတားတစ်ခုချင်း၏ ကင်းလွတ်အကျယ်နှင့်အမြင့်တို့ကို သက်ဆိုင်ရာတံတားတစ်ခုချင်း၌ မြင်သာသော ရေလမ်းညွှန် အမှတ်အသားများ ပြုလုပ်ထားရမည်။

(ဂ) မြစ်ကူးတံတားကြီးတစ်ခုချင်းအား ရေလမ်းသတ်မှတ်ချက် သတင်းထုတ်ပြန်ရမည်။

(ဃ) မြစ်ကူးတံတားကြီးတစ်ခုချင်းအလိုက် ဖြတ်သန်းနိုင်မည့် ရေယာဉ်များ၏ အရွယ်အစားနှင့် တွဲအရေ အတွက်ကို သတ်မှတ်၍ သတင်းထုတ်ပြန်ရမည်။

၂၅။ ဦးစီးဌာနသည် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရန်အလို့ငှာ -

(က) မြစ်ချောင်း၊ ရေလမ်းကြောင်းများကို တိုင်းတာစစ်ဆေး၍ သဘောထားမှတ်ချက်ဖြင့် ပို့ဆောင်ရေး ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၈)
## နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်း

၂၆။ ရေယာဉ်ပိုင်ရှင်သည် -

(က) မြစ်ချောင်းနယ်အတွင်း ရေယာဉ်နစ်မြုပ်ပါက မြစ်ချောင်းရေလမ်းကြောင်းများ ကောင်းမွန်ပြီး ရေယာဉ်များအန္တရာယ်မရှိစေရေးအတွက် မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်အတွက် နစ်မြုပ်ကြောင်း ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားပြီး ရက်ပေါင်း ၉၀ အတွင်း တူးဖော် ဆယ်ယူရေးအတွက် အမြန်ဆုံးစီမံဆောင်ရွက်ရမည်။ အကယ်၍ ရေယာဉ်များ ခုတ်မောင်း သွားလာသည့် ရေလမ်းကြောင်းတွင် ပိတ်ဆို့နိုင်သည့် အခြေအနေမျိုးဖြစ်ပါက ချက်ချင်းဆယ်ယူ ဖယ်ရှားရမည်။ ထိုသို့ ချက်ချင်းဆယ်ယူဖယ်ရှားခြင်းမပြုသဖြင့် ဦးစီးဌာနက ဆယ်ယူဖယ်ရှားပေး ရသည့်အတွက် ကုန်ကျစရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

(ခ) မြစ်ချောင်းနယ်အတွင်း နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခြင်းမပြုနိုင်လျှင်သော်လည်းကောင်း၊ တူးဖော်ဆယ်ယူခြင်းမပြုဘဲ စွန့်လွှတ်လိုလျှင်သော်လည်းကောင်း အကျိုးအကြောင်းဖော်ပြ၍ ဦးစီး ဌာနသို့ ရေယာဉ်နစ်မြုပ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တင်ပြရမည်။

(ဂ) ချက်ချင်းဆယ်ယူဖယ်ရှားရန်မလိုသည့် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူရေးအတွက် အမြန်ဆုံး စီမံဆောင်ရွက်သော်လည်း ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူခြင်းမပြုနိုင်သည့်အခါ ဆက်လက်၍ တူးဖော်ဆယ်ယူရေးအတွက် ရက်တိုးမြှင့်ပေးရန် ဦးစီးဌာနသို့ ခွင့်ပြုချက် တောင်းခံ ရမည်။

(ဃ) နစ်မြုပ်ရေယာဉ်ကို ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း နည်းဥပဒေခွဲ (က) နှင့် (ဂ) တို့အရ တူးဖော်ဆယ်ယူခွင့်ရှိသည်။ ထိုတစ်နှစ်ကုန်ဆုံးပြီးနောက် နစ်မြုပ်ရေယာဉ်ကို တူးဖော် ဆယ်ယူခွင့်နှင့် ပိုင်ဆိုင်ခွင့်တို့ မရှိစေရ။

၂၇။ ဦးစီးဌာနသည် -

(က) ရေယာဉ်ပိုင်ရှင်က နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (ဂ) အရ ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူခြင်းမပြုနိုင်သဖြင့် ရက်တိုးမြှင့်ပေးရန် တင်ပြချက်ကို စိစစ်ပြီး စည်းကမ်းချက်သတ်မှတ်၍ အပြီးတူးဖော်ဆယ်ယူရန် ခံဝန်ချုပ်ပြုလုပ်စေပြီး သင့်လျော်သောရက်ကို တိုးမြှင့်ပေးနိုင်သည်။

( ခ ) နစ်မြုပ်ရေယာဉ်နှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထိုရေယာဉ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်းပြုနိုင်သည် -

(၁) နည်းဥပဒေခွဲ (က) အရ ချုပ်ဆိုသော အပြီးတူးဖော်ဆယ်ယူရန် ခံဝန်ချုပ်ကို ရေယာဉ်ပိုင်ရှင်က ဖောက်ဖျက်ခြင်း၊

(၂) ရေယာဉ်ပိုင်ရှင်က ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း တူးဖော်ဆယ်ယူမှု မပြုနိုင်ခြင်း၊

(၃) နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (ခ) အရ နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူမှုမပြုခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း၊

(၄) ရေယာဉ်ပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း မသိရှိရဘဲ မြစ်ချောင်းနယ်အတွင်း နစ်မြုပ်နေသော ရေယာဉ်ရှိကြောင်း သတင်းကြားသိခြင်း။

၂၈။ ဦးစီးဌာနသည် နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ) အရ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်းပြုသည့် နစ်မြုပ်ရေယာဉ်ကို ဈေးပြိုင်စနစ်ဖြင့် တူးဖော်ဆယ်ယူခွင့်ပြုရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၉။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် နည်းဥပဒေ ၂၆ နှင့် ၂၇ တို့နှင့် မသက်ဆိုင်သည့် နစ်မြုပ်ရေယာဉ်ကို စီးပွားရေးအလို့ငှာ တူးဖော်ဆယ်ယူလိုသူသည် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပုံစံ (၁) ဖြင့် လျှောက်ထားရမည်။

၃၀။ နည်းဥပဒေ ၂၉ အရ တူးဖော်ဆယ်ယူလိုသူသည် -

(က) အောက်ပါအချက်အလက်များ၊ အရည်အချင်းများနှင့်ပြည့်စုံသူဖြစ်ရမည် -

(၁) မြန်မာနိုင်ငံသားဖြစ်သူ၊

(၂) ဖော်ယူမည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ငွေကြေးနှင့်ပစ္စည်းကိရိယာလုံလောက်မှုရှိသူ၊

(၃) နစ်မြုပ်ရေယာဉ်များဖော်ယူဆယ်ယူရာတွင် သက်ဆိုင်သည့် ရေကြောင်းဆိုင်ရာဥပဒေများ၊ ဦးစီးဌာနက သတ်မှတ်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သူ၊

(၄) သတ်မှတ်ချိန်အတွင်း ဖော်ယူနိုင်စွမ်းရှိသူ၊

(၅) လုပ်ငန်းဆောင်ရွက်မှုကို မိမိကိုယ်တိုင် တာဝန်ယူဆောင်ရွက်နိုင်စွမ်းရှိသူ။

( ခ ) နစ်မြုပ်ရေယာဉ်ဆယ်ယူရေးအတွက် စပေါ်ငွေကျပ် ငါးသိန်း ပေးသွင်းပြီးဖြစ်ရမည်။

၃၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ပြုရေးနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၂၈ အရ ဦးစီးဌာန၏ တင်ပြချက် သို့မဟုတ် နည်းဥပဒေ ၂၉ အရ နစ်မြုပ်ရေယာဉ်ကို စီးပွားရေးအလို့ငှာ တူးဖော်ဆယ်ယူခွင့်ပြုရန် လျှောက်ထားချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်တင်ပြနိုင်ရန် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ဦးစီးဌာနကိုဖြစ်စေ တာဝန်ပေးရမည်။

၃၂။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခွင့်ပြုရေးနှင့်စပ်လျဉ်း၍ -

(က) လိုအပ်ပါက ကွင်းဆင်းတိုင်းတာခြင်းနှင့် စစ်ဆေးခြင်းတို့ ပြုလုပ်ရမည်။

(ခ) ကန့်ကွက်သူ မရှိပါက ကြမ်းခင်းဈေးတန်ဖိုးတွက်ချက်မှုနှင့်အတူ သဘောထားမှတ်ချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၃၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၃၂ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ပေးရန် ငြင်းဆိုခြင်း သို့မဟုတ် ပုံစံ (၂) ဖြင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်းပြုနိုင်သည်။

၃၄။ ဦးစီးဌာနသည် -

(က) နည်းဥပဒေ ၃၃ အရ ပို့ဆောင်ရေးဝန်ကြီးဌာနက ခွင့်ပြုချက်ပေးရန် ငြင်းဆိုကြောင်း သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ပေးကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၀ ရက်အတွင်း ထိုသို့ငြင်းဆိုကြောင်း သို့မဟုတ် ခွင့်ပြုကြောင်းကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနက စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ပေးသော လျှောက်ထားသူအား တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှု ဝန်ဆောင်ခကို ပေးသွင်းစေပြီး ခွင့်ပြုချက်လက်မှတ် ထုတ်ပေးရမည်။

၃၅။ နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် -

(က) ရေလမ်းကျဉ်းမြောင်းသည့်နေရာဖြစ်ပါက ဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ခံအရာရှိက သတ်မှတ်ပေးသော လုပ်ငန်းချိန်အတွင်း၌သာ ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်ရာတွင် ရေယာဉ်များ ခုတ်မောင်းသွားလာရာတွင် နှောင့်နှေးမှုနှင့် စောင့်ဆိုင်းရမှုများကို နည်းနိုင်သမျှ နည်းစေရမည်။

(ခ) မြစ်ချောင်းနယ်အတွင်းရှိ ရေလယ်ကျွန်းနှင့် သောင်ခုံများပေါ်တွင် နစ်မြုပ်ရေယာဉ်များကို တူးဖော်ဆယ်ယူပြီးပါက တူးဖော်သည့်နေရာများအား မူလအနေအထားအတိုင်း ပြန်လည်ဖို့ပေးရမည်။

(ဂ) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူပြီး ထွက်ရှိလာသည့် တူးစာများနှင့် စွန့်ပစ်ပစ္စည်းများကို ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

(ဃ) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (က) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

၃၆။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် နည်းဥပဒေ ၃၅ ပါ နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်းဆိုင်ရာတာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာလိုက်နာမည်ဖြစ်ကြောင်း ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၃၇။ ဦးစီးဌာနသည် နည်းဥပဒေ ၃၆ အရ ချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (က) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော ခွင့်ပြုချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်သည်။

၃၈။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် -

(က) ခွင့်ပြုချက်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း အပြီးတူးဖော်ဆယ်ယူ၍ မြစ်ချောင်းနယ်မှ ဖယ်ရှားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ တစ်နှစ်အတွင်း တူးဖော်ဆယ်ယူဖယ်ထုတ်နိုင်ခြင်းမပြုနိုင်ပါက မည်သည့်အတွက် သတ်မှတ်ပေးသည့် အချိန်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ကျိုးကြောင်းခိုင်လုံစွာ

ဖော်ပြပြီး တူးဖော်ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်ပေးရန် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသို့ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

၃၉။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေ ၃၈၊ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး -

(က) ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ပုံစံ (၄) ဖြင့် သက်တမ်းတစ်ကြိမ်လျှင် ၁၂ လဖြင့် သက်တမ်းနှစ်ကြိမ်အထိ တိုးမြှင့်ပေးနိုင်သည်။

(ခ) ခွင့်မပြုသင့်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ နည်းဥပဒေခွဲ (က) အရ သက်တမ်းနှစ်ကြိမ်အထိ တိုးမြှင့်ပေးသော်လည်း အပြီးတူးဖော်ဆယ်ယူဖယ်ရှားနိုင်ခြင်းမရှိလျှင်ဖြစ်စေ ထုတ်ပေးထားသော ခွင့်ပြုချက်လက်မှတ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်သည်။

၄၀။ နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ရသည့် အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပထမအကြိမ် သက်တမ်းအတွင်း အပြီးတူးဖော်ဆယ်ယူဖယ်ရှားနိုင်ရန် ကြိုးပမ်းအားထုတ်၍ ဆောင်ရွက်ရမည်။ အကယ်၍ ပထမအကြိမ်သက်တမ်းအတွင်း အပြီးတူးဖော် ဆယ်ယူဖယ်ရှားနိုင်ခြင်းမပြုနိုင်ပါက အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ဖော်ပြပြီး ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးရန် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသို့ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

၄၁။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေ ၄၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ပုံစံ (၄) ဖြင့် ဒုတိယအကြိမ် သက်တမ်း ၁၂ လအထိ တိုးမြှင့်ပေးနိုင်သည်။

၄၂။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က) အရ သက်တမ်းတိုးမြှင့်ပေးပါက ပထမအကြိမ် သက်တမ်းတိုးမြှင့်ခအဖြစ် သတ်မှတ်ထားသော နစ်မြုပ်ရေယာဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ နည်းဥပဒေ ၄၁ အရ သက်တမ်းတိုးမြှင့်ပေးပါက ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခအဖြစ် ထိုတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကိုလည်းကောင်း ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

၄၃။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် -

(က) တူးဖော်ဆယ်ယူခြင်း၊ စတင်ဆောင်ရွက်ခြင်းနှင့် တိုးတက်မှုအခြေအနေကို တစ်လတစ်ကြိမ် ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသရုံးများသို့ သတင်းပို့ရမည်။

(ခ) တူးဖော်ဆယ်ယူမှု အောင်မြင်ပြီးစီးသည့်အခါ ပြီးစီးသည့်နေ့မှ ၁၀ ရက်အတွင်း ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးများသို့ တင်ပြရမည်။

(ဂ) တူးဖော်ဆယ်ယူပြီးသောရေယာဉ်အား ဦးစီးဌာန၏ခွင့်ပြုချက်ရရှိမှသာ မိမိလိုရာသို့ သယ်ဆောင်ခွင့်ရှိသည်။

၄၄။ (က) နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးသည့် ကာလကုန်ဆုံးပြီးနောက် ရာသီဥတုဆိုးရွားမှုကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်အပါအဝင် မျှော်မှန်း၍မရနိုင်သည့်အပြင် တားဆီးခြင်းမပြုနိုင်သော အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ကြောင်းကျိုးခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ သင့်လျော်သည့် တူးဖော်ဆယ်ယူခွင့်ကာလ တိုးမြှင့်ပေးရန် တင်ပြနိုင်သည်။

(ခ) နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ တူးဖော်ဆယ်ယူခွင့်ကာလတိုးမြှင့်ပေးရန် တင်ပြချက်ကို စိစစ်ပြီး သင့်လျော်သည့် တူးဖော်ဆယ်ယူခွင့်ကာလနှင့် နစ်မြုပ်ရေယာဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက်မပိုသောဒဏ်ကြေးတို့ကို သတ်မှတ်၍တိုးမြှင့်ပေးနိုင်သည်။

၄၅။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနမှ တာဝန်ပေးအပ်သည့် အရာရှိသည် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကိုလည်းကောင်း၊ သတ်မှတ်ပေးသော စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိကိုလည်းကောင်း အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အစီရင်ခံရမည်။

၄၆။ (က) ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း နစ်မြုပ်ရေယာဉ်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လျှင် ရေယာဉ်ပိုင်ရှင်နှင့် နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် အချင်းချင်းညှိနှိုင်း၍မရရှိပါက နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသို့ စေ့စပ်ညှိနှိုင်းပေးရန် တင်ပြနိုင်သည်။

(ခ) နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နှစ်ဖက်အငြင်းပွားသူတို့အား ဆင့်ခေါ်၍ ပြေလည်မှုရစေရန် စေ့စပ်ညှိနှိုင်းပေးပြီး ရေယာဉ်တန်ဖိုး၏ ကြမ်းခင်းဈေးကို ပြင်ဆင်တွက်ချက်၍ သတ်မှတ်ပေးနိုင်သည်။

(ဂ) နစ်မြုပ်ရေယာဉ် ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ နှစ်ဖက်အငြင်းပွားသူတို့သည် နည်းဥပဒေခွဲ (ခ) အရ စေ့စပ်ညှိနှိုင်း၍မရလျှင် သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ကို ခံယူနိုင်သည်။

## အခန်း (၉)

## ရေနုတ်မြောင်း ဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်းနှင့် မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲခြင်း

၄၇။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေနုတ်မြောင်း ဖောက်လုပ်လိုလျှင်ဖြစ်စေ၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပြီး မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲလိုလျှင်ဖြစ်စေ လုပ်ငန်းတည်နေရာ၊ လုပ်ငန်းအတိုင်းအတာပမာဏဖြင့် လုပ်ငန်းကာလတို့ကို ဖော်ပြ၍ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ သဘောတူညီချက် တောင်းခံရမည်။

၄၈။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၄၇ အရ သဘောထားတောင်းခံချက်အပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်လုပ်ကိုင်ခြင်း သို့မဟုတ် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပြီး မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ သဘောတူညီချက်ပေးနိုင်သည်။

၄၉။ နည်းဥပဒေ ၄၈ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တိုင်းတာပုံထုတ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်သော ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၁၀)

## မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကြေးနန်းလိုင်း ဆက်သွယ်ခြင်း

၅၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကြေးနန်းလိုင်း ဆက်သွယ်ခြင်း သို့မဟုတ် တူးဖော်ခြင်းပြုလုပ်လိုလျှင် လုပ်ငန်းတည်နေရာ၊ အတိုင်းအတာ ပမာဏနှင့် လုပ်ငန်းကာလတို့ကို ဖော်ပြ၍ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ သဘောတူညီချက် တောင်းခံရမည်။

၅၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၅၀ အရ သဘောတူညီချက်တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ မရှိနှင့် စပ်လျဉ်း၍ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး အောက်ပါအချက်များနှင့်ညီညွတ်ပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း ပိုက်လိုင်းကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားလိုင်းကိုဖြစ်စေ၊ ကြေးနန်းလိုင်းကိုဖြစ်စေ ဆက်သွယ်ခြင်း၊ တူးဖော်ဖောက်လုပ်ခြင်း ပြုလုပ်ရန် စည်းကမ်းချက်များ သတ်မှတ်၍ သဘောတူညီချက် ပေးနိုင်သည် -

(က) ကမ်းပါးပြိုနိုင်မှုမရှိခြင်း၊

(ခ) နုန်းထိုင်၍ သောင်ဖြစ်ထွန်းပြီး ရေကြောင်း ပြောင်းလဲနိုင်မှုနှင့် တစ်ဖက်ကမ်းကို ထိခိုက်နိုင်မှု မရှိခြင်း၊

(ဂ) ရေယာဉ်များ ခုတ်မောင်းမှုကို အနှောင့်အယှက်အဟန့်အတားဖြစ်နိုင်မှု မရှိခြင်း၊

(ဃ) ရေကြောင်းအန္တရာယ်ဖြစ်နိုင်မှု မရှိခြင်း၊

(င) သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု မရှိခြင်း။

၅၂။ နည်းဥပဒေ ၅၁ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်းကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားလိုင်းကိုဖြစ်စေ၊ ကြေးနန်းလိုင်းကိုဖြစ်စေ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှုများအတွက် ဝန်ဆောင်ခနှင့် လုပ်ငန်းဆောင်ရွက်စဉ် ရေလမ်းကြောင်းကြီးကြပ်ကွပ်ကဲမှုပြုရာတွင် ကုန်ကျသည့်စရိတ်ကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၁၁)

## မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း

၅၃။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံဆောက်လုပ်ခွင့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ဦးစီးဌာန၏ ထောက်ခံချက်ကို တောင်းခံရမည်။

၅၄။ ဦးစီးဌာနသည် နည်းဥပဒေ ၅၃ အရ ထောက်ခံချက်တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ မရှိနှင့် စပ်လျဉ်း၍ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး အောက်ပါအချက်များနှင့်ညီညွတ်ပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံ ဆောက်လုပ်ရန် ထောက်ခံချက်ပေးနိုင်သည် -

(က) ကမ်းပါးပြိုနိုင်မှု မရှိခြင်း၊

(ခ) နုန်းထိုင်၍ သောင်ဖြစ်ထွန်းပြီး ရေကြောင်းပြောင်းလဲနိုင်မှုနှင့် တစ်ဖက်ကမ်းကို ထိခိုက်နိုင်မှုမရှိခြင်း၊

(ဂ) ရေယာဉ်များခုတ်မောင်းမှုကို အနှောင့်အယှက်အဟန့်အတားဖြစ်နိုင်မှု မရှိခြင်း၊

(ဃ) ရေကြောင်းအန္တရာယ်ဖြစ်နိုင်မှု မရှိခြင်း၊

(င) သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု မရှိခြင်း။

၅၅။ နည်းဥပဒေ ၅၃ အရ ထောက်ခံချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း အတွက် တိုင်းတာပုံထုတ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့ ပြုရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ် ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၅၆။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် နည်းဥပဒေ ၅၃ ပါ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သောကိစ္စ များကို ခွင့်ပြုရမည်။

## အခန်း (၁၂)
## သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း

၅၇။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားလာသည့်အခါ ယင်းအစိုးရဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုချက်မပေးမီ ဦးစီးဌာန၏ထောက်ခံချက်ကို တောင်းခံရမည်။

၅၈။ ဦးစီးဌာနသည် နည်းဥပဒေ ၅၇ အရ ထောက်ခံချက် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ချောင်းနယ်၊ ကမ်းပါး နယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်း ပြုလုပ်ရန် ထောက်ခံချက် ပေးနိုင်သည်။

၅၉။ နည်းဥပဒေ ၅၇ အရ ထောက်ခံချက် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက် ထုတ်ခြင်းလုပ်ငန်းအတွက် တိုင်းတာပုံထုတ် ကွင်းဆင်းစစ်ဆေးမှုပြုရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၆၀။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတို့သည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆိုပါ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ထောက်ခံချက်ရရှိမှသာ မိမိတို့၏လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သောကိစ္စများကို ခွင့်ပြုရမည်။

၆၁။ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက် ထုတ်ပေးထားသော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် -

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် နေရာ၊ အတိုင်းအတာ (အလျား × အနံ × အနက်) များ အတိုင်းသာ တူးဖော်ထုတ်လုပ်ရမည်။ ထိုသတ်မှတ်ချက်ထက် ကျော်လွန်၍ မြစ်သဲ၊ ကျောက်စရစ်ကို

တူးဖော်ထုတ်လုပ်ခြင်းမပြုရသည့်အပြင် မြစ်ကြောင်းပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

(ခ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မည့်နေရာတွင် မထုတ်လုပ်မီ ဦးစီးဌာနမှ ကွင်းဆင်း တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ပြီးနောက် ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများ အတွက် ဝန်ဆောင်ခများကို ကျခံရမည်။

(ဂ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မှုကြောင့် မမျှော်လင့်သော ရေကြောင်းရေလမ်း ပျက်စီး လာမှုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာသဖြင့် ဦးစီးဌာနက လုပ်ငန်းရပ်ဆိုင်းရန် ညွှန်ကြား သည့်အခါ ထိုလုပ်ငန်းကို ချက်ချင်းရပ်ဆိုင်းရမည်။

(ဃ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မှု ဆောင်ရွက်နေစဉ်အတွင်း ဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူရမည်။

(င) ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရ။

(စ) ရေလမ်းကြောင်းအတွင်း မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်း မပြုရဘဲ ရေလမ်းကြောင်း ပြင်ပတွင်သာ လွတ်ကင်းစွာတူးဖော်ရမည်။

(ဆ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မှု လုပ်ငန်းနှင့်ဆက်စပ်၍ ရေလမ်းကြောင်းအတွင်း ရေနက်ကြောင်း ဖော်ထုတ်ရန် လိုအပ်ပါက ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် တူးဖော်ပေးရမည်။

(ဇ) တူးဖော်ပြီး မလိုအပ်သော သဲများ၊ နုန်းသဲများနှင့် တံစုန်းများအား ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

(ဈ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မည့် ယန္တရားနှင့် ရေယာဉ်ဆိုင်ရာအချက်အလက်များကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ည) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မည့် ရေယာဉ်များသည် နွေရာသီရေနည်းကာလတွင် ဦးစီးဌာနက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်ကို လိုက်နာရမည်။

(ဋ) မြစ်သဲ၊ ကျောက်စရစ်သယ်ရေယာဉ်များ၊ တွဲများနှင့် မြစ်သဲ၊ ကျောက်စရစ် ထုတ်လုပ်ရေယာဉ် များသည် ကြံ့ခိုင်ကောင်းမွန်ပြီး ရေယာဉ်ဝန်ထမ်းများသည် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ရဝန်ထမ်းများ ဖြစ်ရမည်။

(ဌ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုအခြေ အနေကို ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသရုံးများသို့ တစ်လလျှင် တစ်ကြိမ် သတင်းပို့ရမည်။

(ဍ) တူးဖော်ထုတ်လုပ်သော မြစ်သဲ၊ ကျောက်စရစ်ပမာဏအတွက် ဦးစီးဌာနမှ တိုင်းတာစစ်ဆေး၍ ထုတ်ပေးသော အတည်ပြုချက် ရယူရမည်။

(ဎ) ဦးစီးဌာနက ထုတ်ပေးထားသော ထောက်ခံချက်အရ သတ်မှတ်ထားသည့် လုပ်ငန်းအတိုင်းအတာ အတိုင်း ဆောင်ရွက်ပြီးစီးသည့်အခါ ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးသို့ တင်ပြရမည်။

(ဏ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

(တ) နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

၆၂။ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ပေးသည့်အခါ နည်းဥပဒေ ၆၁ ပါ မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာလိုက်နာမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၆၃။ ဦးစီးဌာနသည် -

(က) နည်းဥပဒေ ၆၂ အရ ချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထောက်ခံချက်ကို ရုပ်သိမ်းကြောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၆၄။ ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို နည်းဥပဒေ ၆၃ အရ ရုပ်သိမ်းခြင်းခံရသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ထောက်ခံချက်လက်မှတ်ကို ထပ်မံ၍ လျှောက်ထားရယူခြင်းမပြုဘဲ ဆက်လက်၍ မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

## အခန်း (၁၃)

## ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း

၆၅။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လျှောက်ထားလာသည့်အခါ ယင်းဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုချက်မပေးမီ ဦးစီးဌာန၏ထောက်ခံချက်ကို တောင်းခံရမည်။

၆၆။ ဦးစီးဌာနသည် နည်းဥပဒေ ၆၅ အရ ထောက်ခံချက် တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းပြုလုပ်ရန် ထောက်ခံချက်ပေးနိုင်သည်။

၆၇။ နည်းဥပဒေ ၆၅ အရ ထောက်ခံချက် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တိုင်းတာပုံထုတ် ကွင်းဆင်းစစ်ဆေးမှုပြုရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၆၈။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတို့သည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆိုပါ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သောကိစ္စများကို ခွင့်ပြုရမည်။

၆၉။ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ထုတ်ပေးထားသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် -

(က) ဦးစီးဌာနက သတ်မှတ်ထားသည့်နေရာ၊ အတိုင်းအတာ (အလျား × အနံ × အနက်) များ အတိုင်းသာ တူးဖော်ထုတ်လုပ်ရမည်။ ထိုသတ်မှတ်ချက်ထက် ကျော်လွန်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း မပြုရသည့်အပြင် မြစ်ကြောင်းပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

(ခ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မည့်နေရာတွင် မထုတ်လုပ်မီ ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ပြီးနောက် ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများအတွက် လုပ်ငန်းကုန်ကျစရိတ်များကို ကျခံရမည်။

(ဂ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှုကြောင့် မမျှော်လင့်သော ရေကြောင်းရေလမ်း ပျက်စီးလာမှု ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်ပေါ်လာသဖြင့် ဦးစီးဌာနက လုပ်ငန်းရပ်ဆိုင်းရန် ညွှန်ကြားသည့်အခါ ထိုလုပ်ငန်းကို ချက်ချင်းရပ်ဆိုင်းရမည်။

(ဃ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှု ဆောင်ရွက်နေစဉ်အတွင်း ဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူရမည်။

(င) ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရ။

(စ) ရေလမ်းကြောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းမပြုရဘဲ ရေလမ်းကြောင်း ပြင်ပတွင်သာ လွတ်ကင်းစွာတူးဖော်ရမည်။

(ဆ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှုလုပ်ငန်းနှင့်ဆက်စပ်၍ ရေလမ်းကြောင်းအတွင်း ရေနက်ကြောင်း ဖော်ထုတ်ရန် လိုအပ်ပါက ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် တူးဖော်ပေးရမည်။

(ဇ) တူးဖော်ပြီး မလိုအပ်သော သဲများ၊ နုန်းသဲများနှင့် တံစုန်းများအား ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရဘဲ မြစ်ချောင်းကမ်းပါးအပေါ်ဘက် သို့မဟုတ် ဦးစီးဌာနမှ သတ်မှတ်ပေးထားသော စွန့်ပစ်ရမည့် နေရာများ၌သာ စွန့်ပစ်ရမည်။ တူးဖော်ရာတွင် ရရှိသော သဲကျောက်များကို သန့်စင်ခြင်းနှင့် ရွှေကျင်ယူခြင်းတို့ ပြုလုပ်ရာတွင် ရေကြည်မှအပ အဆိုပါ သဲများ၊ နုန်းများနှင့် ကျောက်များကို မြစ်ချောင်းအတွင်းသို့ ပြန်လည်ကျရောက်စေခြင်း မရှိစေရ။

(ဈ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မည့် ယန္တရားနှင့် ရေယာဉ်ဆိုင်ရာ အချက်အလက်များကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ည) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မည့် ရေယာဉ်များသည် နွေရာသီရေနည်းကာလတွင် ဦးစီးဌာနက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်ကို လိုက်နာရမည်။

(ဋ) ရွှေကျင်ယူသည့် လုပ်ငန်းဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းစေမည့် အရာဝတ္ထုပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ကုန်းနေ၊ ရေနေ လူနှင့်သတ္တဝါများ၊ သစ်ပင်များကို အန္တရာယ်ရှိစေသည့် ဘေးဖြစ်စေတတ်သော ပစ္စည်းများ၊ အဆိပ်သင့်စေသောပစ္စည်းများနှင့် ဓာတုဆေးဝါးပစ္စည်းများကို သုံးစွဲခြင်းမပြုရ။

(ဌ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်သည့် ရေယာဉ်များသည် ကြံ့ခိုင်ကောင်းမွန်ပြီး ရေယာဉ်ဝန်ထမ်းများသည် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ရ ဝန်ထမ်းများ ဖြစ်ရမည်။

(ဍ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှု လုပ်ငန်းစတင်ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုအခြေအနေကို ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးသို့ တစ်လလျှင် တစ်ကြိမ် သတင်းပို့ရမည်။

(ဎ) ဦးစီးဌာနက ထုတ်ပေးထားသော ထောက်ခံချက်အရ သတ်မှတ်ထားသည့် လုပ်ငန်းအတိုင်းအတာ အတိုင်း ဆောင်ရွက်ပြီးစီးသည့်အခါ ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးသို့ တင်ပြရမည်။

(ဏ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

(တ) နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းဆိုင်ရာစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

၇၀။ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ပေးသည့်အခါ နည်းဥပဒေ ၆၉ ပါ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းဆိုင်ရာတာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာလိုက်နာမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးသည် ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၇၁။ ဦးစီးဌာနသည် -

(က) နည်းဥပဒေ ၇၀ အရ ချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တု တူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းဆိုင်ရာတာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေး ထားသော ထောက်ခံချက်လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထောက်ခံချက်ကို ရုပ်သိမ်းကြောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်းသို့ အကြောင်းကြားရမည်။

၇၂။ ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို နည်းဥပဒေ ၇၁ အရ ရုပ်သိမ်းခြင်းခံရသော အစိုးရ ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ထောက်ခံချက်လက်မှတ်ကို ထပ်မံ၍ လျှောက်ထား ရယူခြင်းမပြုဘဲ ဆက်လက်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

## အခန်း (၁၄)

## လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ဇောတံတားနှင့် ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း

၇၃။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွှန်းလမ်းတည်ဆောက်ခြင်း၊ သင်္ဘောကျင်း တည်ဆောက်ခြင်း၊ ရေစိုသင်္ဘောကျင်း တည်ဆောက်ခြင်း သို့မဟုတ် ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက် ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၅) ဖြင့် လျှောက်ထားရမည် -

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) လုပ်ငန်းဆောင်ရွက်မည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊

(ဂ) လုပ်ငန်းဆောင်ရွက်မည့် ဒီဇိုင်းပုံစံနှင့် အတိုင်းအတာ၊

၇၄။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဆိပ်ခံတံတား သို့မဟုတ် ဖောတံတား၊ ရေဆင်းတံတားဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၆) ဖြင့် လျှောက်ထားရမည် -

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) တံတား၏တည်နေရာပြမြေပုံ၊

(ဂ) တံတား၏ဒီဇိုင်းပုံစံနှင့်အတိုင်းအတာ။

၇၅။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ပါအချက်များကိုဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၇) ဖြင့် လျှောက်ထားရမည် -

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) မြောင်း၏အတိုင်းအတာ (အလျား × အနံ × အနက်)၊

(ဂ) မြောင်း၏တည်နေရာပြမြေပုံ။

၇၆။ (က) ဦးစီးဌာနသည် နည်းဥပဒေ ၇၃၊ ၇၄ နှင့် ၇၅ တို့အရ လုပ်ငန်းခွင့်ပြုချက် ရရှိရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ မရှိ စိစစ်ပြီး ထိခိုက်နိုင်ဖွယ်ရာရှိပါက ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာ မရှိပါက ခွင့်ပြုပြီး စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းခွင့်ပြုချက် ပုံစံ (၈) ဖြင့် ထုတ်ပေးနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပေးထားသည့် လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၇၇။ နည်းဥပဒေ ၇၆ အရ လုပ်ငန်းခွင့်ပြုချက်ရရှိသူသည် -

(က) လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသည့် နေရာအကျယ်အဝန်း၏ တစ်စတုရန်းမီတာလျှင် တစ်လ ၁၂၅ ကျပ်နှုန်းဖြင့် ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) နောက်ဆက်တွဲ (ဂ) ဖြင့် သတ်မှတ်ထားသော သက်ဆိုင်ရာ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း၊ ဆိပ်ခံတံတား သို့မဟုတ် ဖောတံတား၊ ရေဆင်းတံတားနှင့် မြောင်းဖော်၍ ကမ်းထိုးခြင်းလုပ်ငန်းဆိုင်ရာစည်းကမ်းချက်များကို လိုက်နာရမည်။

၇၈။ ဦးစီးဌာနသည် လုပ်ငန်းခွင့်ပြုချက် ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာစည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထုတ်ပေးထားသော လုပ်ငန်းခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## **အခန်း (၁၅)**

## **ကမ်းပါးနယ်နှင့်ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်း**

၇၉။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ဓနိများနှင့် အခြားအရာဝတ္ထုများကို စီးပွားရေးအလို့ငှာ စုပုံခြင်းပြုလုပ်လိုသူသည် စုပုံလိုသော အရာဝတ္ထုပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ အကျယ်အဝန်း၊ တည်နေရာ၊ အချိန်ကာလတို့ကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက် ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၉) ဖြင့် လျှောက်ထားရမည်။

၈၀။ ဦးစီးဌာနသည် နည်းဥပဒေ ၇၉ အရ လုပ်ငန်းခွင့်ပြုချက် ရရှိရန် လျှောက်ထားချက်အပေါ် ကွင်းဆင်း၍ တိုင်းတာစစ်ဆေးပြီး မြစ်ချောင်းကမ်းပါးပြိုကျမှုမဖြစ်စေရေးနှင့် ကမ်းပါးနယ်တည်ငြိမ်ရေးကို ရှေးရှု၍ စိစစ်ပြီး ကမ်းပါးနယ်၊ ကမ်းနားနယ်တွင် အရာဝတ္ထုများ စုပုံခြင်းဖြင့် အပိုဝန်ကြောင့် ကမ်းပါးပြိုကျမှု၊ ကမ်းပါးတည်ငြိမ်မှုကို ထိခိုက်နိုင်ဖွယ်ရာဖြစ်ပေါ်စေနိုင်ပါက စုပုံခွင့်ပြုရန် ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာ မရှိပါက ခွင့်ပြုပြီး စည်းကမ်းချက်များ သတ်မှတ်၍ စုပုံရန် လုပ်ငန်းခွင့်ပြုချက် ပုံစံ (၁၀) ကို ထုတ်ပေးနိုင်သည်။

၈၁။ နည်းဥပဒေ ၈၀ အရ လုပ်ငန်းခွင့်ပြုချက်ရရှိသူသည် -

(က) လုပ်ငန်းအတွက် နောက်ဆက်တွဲ (ဃ) တွင် သတ်မှတ်ထားသည့်နှုန်းထားအတိုင်း စုပုံခကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

(ခ) သတ်မှတ်ထားသော သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ဓနိများနှင့် အခြားအရာဝတ္ထုများကို စုပုံခြင်းလုပ်ငန်းဆိုင်ရာစည်းကမ်းချက်များကို လိုက်နာရမည်။

၈၂။ နည်းဥပဒေ ၈၀ အရ ထုတ်ပေးထားသည့် လုပ်ငန်းခွင့်ပြုချက်သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၈၃။ ဦးစီးဌာနသည် စုပုံရန် လုပ်ငန်းခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာစည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသော စုပုံရန် လုပ်ငန်းခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## **အခန်း (၁၆)**

## **ကမ်းပါးနယ်နှင့်ကမ်းနားနယ်အတွင်း ရေတွင်းရေကန်တူးဖော်ခြင်းနှင့်မြေတူးခြင်း**

၈၄။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းဖြစ်စေ၊ ရေကန်ဖြစ်စေ တူးဖော်ခြင်း သို့မဟုတ် မြေတူးခြင်း ပြုလုပ်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၁၁) ဖြင့် လျှောက်ထားရမည် -

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) တည်ဆောက်မည့်နေရာ၊

(ဂ) တည်ဆောက်မည့်အတိုင်းအတာ (အလျား × အနံ × အနက်)။

၈၅။ ဦးစီးဌာနသည် နည်းဥပဒေ ၈၄ အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ မရှိ စိစစ်ပြီး ထိခိုက်နိုင်ဖွယ်ရာရှိပါက ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာမရှိပါက စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ပုံစံ (၁၂) ဖြင့် ထုတ်ပေးခြင်းပြုနိုင်သည်။

၈၆။ နည်းဥပဒေ ၈၅ အရ ခွင့်ပြုချက် ထုတ်ပေးရာတွင် စီးပွားရေးအလို့ငှာ မြေတူးခြင်းအတွက် လျှောက်ထားသူသည် -

(က) လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသည့် နေရာအကျယ်အဝန်း၏ တစ်စတုရန်းမီတာလျှင် တစ်လ ၁၂၅ ကျပ်နှုန်းဖြင့် ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန်တူးဖော်ခြင်းနှင့် မြေတူးခြင်းအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

၈၇။ ဦးစီးဌာနသည် ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန်တူးဖော်ခြင်းနှင့် မြေတူးခြင်းအတွက် ခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထုတ်ပေးထားသောခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၁၇)

## ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေလမ်းအကောက်စခန်းများ သတ်မှတ်ခြင်း

၈၈။ ဦးစီးဌာနသည် မြစ်ချောင်း ရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စီမံချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

၈၉။ ရေလမ်းကြောင်းများတွင် သွားလာသည့် ရေယာဉ်များအား နောက်ဆက်တွဲ (င) ပါ နှုန်းထားအတိုင်း သတ်မှတ်ထားသော ရေလမ်းကြောင်းဖြတ်သန်းခကို ကောက်ခံရမည့် ရေလမ်းအကောက်စခန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တွံတေးတူးမြောင်း၊

(ခ) ညောင်တုန်းမြို့ (ပန်းလှိုင်မြစ်)၊

(ဂ) ဟင်္သာတမြို့ (ဧရာဝတီမြစ်)၊

(ဃ) ပြည်မြို့ (ဧရာဝတီမြစ်)၊

(င) မကွေးမြို့ (ဧရာဝတီမြစ်)၊

(စ) ပခုက္ကူမြို့ (ဧရာဝတီမြစ်)၊

(ဆ) မန္တလေးမြို့ (ဧရာဝတီမြစ်)၊

(ဇ) ကသာမြို့ (ဧရာဝတီမြစ်)၊

(ဈ) ဗန်းမော်မြို့ (ဧရာဝတီမြစ်)၊

(ည) မုံရွာမြို့ (ချင်းတွင်းမြစ်)၊

(ဋ) ကလေးဝမြို့ (ချင်းတွင်းမြစ်)၊

(ဌ) ဟုမ္မလင်းမြို့ (ချင်းတွင်းမြစ်)၊

(ဍ) ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေလမ်းအကောက်စခန်းများအဖြစ် သတ်မှတ်ထားရှိသော အခြားရေလမ်းကြောင်းများရှိမြို့များ။

၉၀။ ဦးစီးဌာနမှ တာဝန်ရှိသူများသည်ဖြတ်သန်းသော ရေယာဉ်များ၏အတိုင်းအတာနှင့် ဝန်တင်ပမာဏတို့အား လိုအပ်ပါက နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ တိုင်းတာစစ်ဆေးခြင်း ပြုနိုင်သည်။

၉၁။ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည် ရေလမ်းကြောင်းဖြတ်သန်းခအတွက် ပြေစာမထုတ်ပေးမီအထိ သက်ဆိုင်ရာ ရေလမ်းအကောက်စခန်းတွင် ရေယာဉ်ကို ခေတ္တရပ်တန့်ထားရမည်။

## အခန်း (၁၈)

## အထွေထွေ

၉၂။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း ဥပဒေနှင့် ဤနည်းဥပဒေများအရ လုပ်ငန်းတစ်ခုခုအတွက် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်အတွက်သာ ဖြစ်ပြီး မြေပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၉၃။ ဥပဒေအာဏာမတည်မီက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း တည်ဆောက်ထားရှိသော လုပ်ငန်းတစ်ခုခုကို ဥပဒေအာဏာတည်ပြီးနောက် ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် ဥပဒေနှင့် ဤနည်းဥပဒေများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၉၄။ ဦးစီးဌာနသည် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (စ) အရ မြစ်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရပ်နားရေးအတွက် ရွေးချယ်သတ်မှတ်ထားသည့် ဆိပ်ကမ်းများတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ဆိပ်ကမ်းကပ်ခကို ကောက်ခံရမည်။

၉၅။ (က) ဥပဒေနှင့် ဤနည်းဥပဒေများအရ ရေကြောင်းပြခ၊ ဆိပ်ကမ်းကပ်ခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ အခြားအခွန်အခများကို ဦးစီးဌာနကဖြစ်စေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ ဦးစီးဌာနက တာဝန်ပေးသော ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ကောက်ခံနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) ပါ အခွန်အခများ ကောက်ခံရာတွင် ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော အရာရှိသည် ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

(ပုံ) ဉာဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

**[ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေမှ နောက်ဆက်တွဲများကို ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၀၁/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

လျှပ်စစ်စွမ်းအားဦးစီးဌာန၊ စီမံကိန်းနှင့်ဓာတ်အားထုတ်လုပ်မှုစီမံရေးဌာနခွဲမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူမြင့် (DEP-၅၇) အား ၎င်း၏ ကိုယ်တိုင်လျှောက်ထားချက်နှင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၄၅/၂၀၁၂) ၏ သဘောတူခွင့်ပြုချက်အရ လက်ရှိအဆင့်ဖြင့်ပင် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ခင်မောင်စိုး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

**၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြင်ဆင်ရေးဆွဲထားသည့် ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၇ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း၊
ဥက္ကဋ္ဌ၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

## ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း

**( ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ်　။ )**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်　　ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ　　ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။　(က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။　တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့်ငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း များတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများနောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | **ဗဟိုအဖွဲ့အစည်းများ** | | | | | | | | | | |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၄၁၁. ၁၃၆ | | | ၁၀၀၀. ၀၀၀ | | | |
| ၂ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၇၈. ၀၀၁ | | | | | | |
| ၃ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်ကတာဝန်ပေးသူ | | | ၂. ၀၂၀ | | | | | | |
| ၄ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၁. ၂၀၀ | | | | | | |
| | ပေါင်း | | | | ၄၉၂. ၃၅၇ | | | ၁၀၀၀. ၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၅၇၉. ၇၇၈ | | ၁၄၁၁. ၁၃၆ | ၁၀၄၂၁. ၁၁၉ | | | |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ<br>သို့မဟုတ်<br>တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၃၉၀. ၁၃၆ | | | ၃. ၀၀၀ | | | |
| | ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၃၃၁. ၄၇၅ | | | ၁၁၀၄. ၉၁၅ | | | |
| | ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဥပဒေချုပ်ကတာဝန်ပေးသူ | ၇၀၆. ၉၉၂ | | | ၉၇၇. ၈၇၁ | | | |
| | ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၁၄၄၁. ၂၅၉ | | | | | | |
| | | ပေါင်း | | ၄၄၄၉. ၆၄၀ | | ၁၄၁၁. ၁၃၆ | ၁၂၅၀၆. ၉၀၅ | | | |

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၃၃၈. ၈၈၈ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၃၃၈. ၈၈၈ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၁၆၈၂. ၃၇၄ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၀၆၂. ၃၁၂ | | | | | | | | |
| | ၂ | တာတမံခွန် | | ၁. ၅၈၉ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၁၀. ၀၉၇ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၂၇. ၇၁၈ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၄၈၀. ၆၅၈ | | | | | | | | |
| ၃ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | ၁၃၆၀၁. ၂၉၆ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၄၇၇၀. ၆၀၄ | | | | | | | | |
| | ၂ | ဘီးခွန် | | ၈၈၃၀. ၆၉၂ | | | | | | | | |
| ၄ | | တိုင်းဒေသကြီး၏ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ၎င်း | | ၂. ၂၉၈ | | | | | | | |

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၃)။ ။ အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၀. ၇၁၉ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၂၀. ၆၉၂ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၂၇ | | | | | | |
| ၆ | | သမဝါယမ | ၎င်း | | | ၂၆. ၅၇၅ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၂၀. ၃၉၅ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၅. ၁၈၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၁၁၄. ၅၂၅ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၁၁၃. ၆၄၅ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၀. ၈၈၀ | | | | | | |
| ၈ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၉၄. ၁၃၇ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၇၀. ၅၈၇ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂၃. ၃၁၀ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | | | ၀. ၂၄၀ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | | | ၅၂. ၀၁၀ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၅၂. ၀၁၀ | | | | | | |
| ၁၀ | | အားကစား | ၎င်း | | | ၀. ၀၃၅ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀. ၀၃၅ | | | | | | |

ဇယား (၃)။ ။ အဆုံး
(ကျပ်သိန်းပေါင်း)

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | | ဘဏ္ဍာရေးနှင့်အခွန် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် | | | | | | ၂၆၁၂၀.၄၉၇ | | ၇၈၁၀.၁၈၁ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၂၆၁၂၀.၄၉၇ | | ၇၈၁၀.၁၈၁ | |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀.၁၀၀ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၁၀၀ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၃၂.၄၂၈ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၆.၉၂၈ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၅.၅၀၀ | | | | | | |
| ၁၄ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၎င်း | | | ၀.၀၀၂ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | | | ၀.၀၀၂ | | | | | | |
| ၁၅ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၎င်း | | | ၄၅၀၇၄.၄၄၃ | | ၆၄၂၅၃.၉၈၄ | | | | |
| ၁၆ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၃၂၅၅.၀၉၅ | | | | | | |
| | | ပေါင်း | | ၁၇၆၂၂.၅၅၈ | ၂.၂၉၈ | ၄၈၆၇၀.၀၆၉ | | ၆၄၂၅၃.၉၈၄ | ၂၆၁၂၀.၄၉၇ | | ၇၈၁၀.၁၈၁ | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် | ၄၆၇၃. ၉၁၀ | | ၁၄. ၅၀၀ | ၁၂. ၃၃၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၃၉၄. ၉၉၉ | | ၁၄. ၅၀၀ | ၉. ၃၃၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၇၈. ၉၁၁ | | | ၃. ၀၀၀ | | | |
| ၂ | | သမဝါယမ | ၎င်း | ၉၅၉. ၂၄၇ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၉၂၂. ၇၀၁ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၃၆. ၅၄၆ | | | | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၁၅၃၇. ၂၅၇ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၆၇၆. ၄၁၂ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၈၆၀. ၈၄၅ | | | | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၅၁၀. ၁၁၁ | | | ၃၄. ၂၉၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၃၆၆. ၁၈၉ | | | ၃၄. ၂၉၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၂၇. ၁၅၁ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | ၁၆. ၇၇၁ | | | | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၆၉၃. ၃၉၉ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၆၉၃. ၃၉၉ | | | | | | |
| ၆ | | အားကစား | ၎င်း | ၂၀၁. ၇၈၆ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၀၁. ၇၈၆ | | | | | | |

ဇယား (၄)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၇ | | ဘဏ္ဍာရေးနှင့်အခွန် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် | ၄၉. ၉၄၃ | | | ၅. ၆၁၀ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၉. ၉၄၃ | | | ၅. ၆၁၀ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၅၆၃. ၈၄၅ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၆၃. ၈၄၅ | | | | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၂၈၇၄. ၅၁၄ | | | ၁၄၄၃. ၉၁၅ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၉၈၆. ၆၉၆ | | | ၉၄၃. ၉၁၅ | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၁၈၈၇. ၈၁၈ | | | ၅၀၀. ၀၀၀ | | | |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၎င်း | ၃၄. ၆၀၆ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၃၄. ၆၀၆ | | | | | | |
| ၁၁ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၎င်း | ၄၇၉၀၂. ၈၀၈ | ၂၅. ၂၀၀ | | ၇၆၈၈၁. ၂၃၁ | | ၁၇၁. ၀၀၀ | ၅၀၀. ၀၀၀ |
| ၁၂ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၁၁၁. ၅၇၈ | | | ၅၁၇၁. ၅၈၀ | | | |
| | | ပေါင်း | | ၆၂၁၁၃. ၀၀၄ | ၂၅. ၂၀၀ | ၁၄. ၅၀၀ | ၈၃၅၄၈. ၉၅၇ | | ၁၇၁. ၀၀၀ | ၅၀၀. ၀၀၀ |

ဇယား (၅)
(ကျပ်သန်းပေါင်း)

### တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၇၉. ၄၆၄ | | | | | | |
| ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၂၇၉. ၄၆၄ | | | | | | |
| ၂ | သတ္တုတွင်း | ၎င်း | | | ၄၁. ၉၁၄ | | | | | | |
| ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်း | | | | ၄၁. ၉၁၄ | | | | | | |
| ၃ | ဆောက်လုပ်ရေး | ၎င်း | | | ၂၃၈၉. ၃၉၃ | | | | | | |
| ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၂၃၈၉. ၃၉၃ | | | | | | |
| | ပေါင်း | | | | ၂၇၁၀. ၇၇၁ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၇၃. ၁၄၈ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၂၇၃. ၁၄၈ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | ၁၀၆. ၂၁၈ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၁၀၆. ၂၁၈ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | ၃၅၆၃. ၀၀၇ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၃၅၆၃. ၀၀၇ | | | | | | |
| | | ပေါင်း | | ၃၉၄၂. ၃၇၃ | | | | | | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၉ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )

အမှတ် ၅၉ ။ ။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ပြည်သာယာ (ဝ/သု) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၉-ဆ၊ ပြည်သာယာဝါသု)၊ မြေကွက်အမှတ် (၃+၄+၅+၆+၇+၈) ရှိ မြေဧရိယာ **(၀. ၄၈၀)** **ဧက**အား **"ကမ္ဘာအေးအောင်သိဒ္ဓိကျောင်း"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

အမှတ် ၆၀ ။ ။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ တာပုံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၁/တာပုံ ရွာမကွင်း)၊ ဦးပိုင်အမှတ် (၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၇၀)၊ သာသနာ့မြေ ဧရိယာ **(၁၂. ၅၀)** **ဧက**မြေအား **"ဇေယျမင်္ဂလာတာပုံကျောင်းပရိယတ္တိစာသင်တိုက်"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့် အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် )

အမှတ် ၆၁ ။ ။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃၃/သင်္ချိုင်းကွင်း)၊ ဦးပိုင်အမှတ် (၂၀-က) မှ ဟိန္ဒူသင်္ချိုင်းမြေ ပယ်ဖျက်ပြီး မြေဧရိယာ (၂. ၃၆၄) ဧက အနက်မှ (၁. ၉၆၅) ဧကနှင့် ဦးပိုင်အမှတ် (၃၆-ပ) မှ မူလအစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဧရိယာ (၄၄. ၂၁၃) ဧကအနက်မှ (၀. ၄၄၂) ဧက၊ **စုစုပေါင်းမြေဧရိယာ (၂. ၄၀၇) ဧက**ရှိမြေအား **ဗုဒ္ဓပရိယတ္တိဓမ္မဗိမာန်တော်**

ဗုဒ္ဓသာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် )

အမှတ် ၆၂ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃ ဘီ/ဈေးကုန်း)၊ မြေကွက်အမှတ် (၂၉)၊ **မြေဧရိယာ (၀. ၀၈၇) ဧက**ရှိ မြေအား **ရှုရီသနန္တနရှုရီရာမဟိန္ဒူဘုရားကျောင်း**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

အမှတ် ၆၃ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ဘူးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၈၉၆/အောင်ကန်)၊ ဦးပိုင်အမှတ် (N-၁၀၊ N-၁၅၊ ၁၆/၃) ရှိ မြေ**ဧရိယာ (၃၂. ၇၆) ဧက**အား **"နတ်တလူသာသနာပြုစခန်း"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

အမှတ် ၁ ။ ။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၀-ခ/၅၊ လယ်ကုန်း)၊ ဦးပိုင်အမှတ် (၂၄/၃ + ၂၄/၄)၊ မြေဧရိယာ (၁. ၁၃၀) ဧကရှိ မြေအား **"ဓမ္မပါလဘုန်းကြီးကျောင်း"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

အမှတ် ၂ ။ ။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့ ကင်ဆားရာရပ်ကွက်၊ ကွင်းအမှတ်/အမည် (၄/ကင်ဆားရာရပ်ကွက်ကွင်း)၊ ဦးပိုင်အမှတ် (၁၀၉)၊ မြေဧရိယာ (၄. ၉၀၀) ဧကရှိမြေအား **"တနိုင်းမြို့နယ် နှစ်ခြင်းခရစ်ယာန်အသင်းတော်"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

အမှတ် ၃ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ သောတာပန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၇၇၈/သောတာပန်ကွင်း)၊ ဦးပိုင်အမှတ် (F-၂၃/၅၈၄)၊ မြေဧရိယာ (၀. ၆၁) ဧကနှင့် ဦးပိုင်အမှတ် (၈၃)၊ မြေဧရိယာ (၁. ၀၀) ဧက စုစုပေါင်းမြေဧရိယာ (၁. ၆၁) ဧကအား **"ဇနကာရာမ ကိုးကန့်ကျောင်းတိုက်"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

# ဆည်မြောင်းဦးစီးဌာန

## (ရုံးချုပ်)

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

(၁) မြန်မာနိုင်ငံတူးမြောင်းအက်ဥပဒေ အခန်း (၁) ပုဒ်မ (၃)၊ ပုဒ်မခွဲ (၁) နှင့် အက်ဥပဒေအခန်း (၁၂) ပုဒ်မ (၇၉) ပုဒ်မခွဲ (၁) အရ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော ခပေါင်းရေလှောင်တမံ၊ ကုန်းကျောတမံ၊ ရေပိုလွှဲ၊ ရေလွှဲဥမင်နှင့်ဆက်စပ်နေသော အဆောက်အဦများကို ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော အဆောက်အအုံများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

(၂) တည်နေရာ

ခပေါင်းရေလှောင်တမံနှင့် ဆည်မြောင်းနယ်နိမိတ်အပိုင်းအခြားများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| | | | | |
|---|---|---|---|---|
| ၁။ | (က) | မြောက်လတ္တီတွဒ် | - | ၁၈° ၅၃′ |
| | (ခ) | အရှေ့လောင်ဂျီတွဒ် | - | ၉၆° ၁၃′ |
| ၂။ | (က) | အရှေ့မြောက်လားသော် | - | ဂျီဟောက်ချောင်း |
| | (ခ) | အရှေ့လားသော် | - | ရွှေလောင်းကျေးရွာ (ရေလွှဲဆည်အနီး) |
| | (ဂ) | အရှေ့တောင်လားသော် | - | ဖိုးသွယ်တဲကျေးရွာ |
| | (ဃ) | တောင်လားသော် | - | ဖိုးကတဲကျေးရွာ |
| | (င) | အနောက်တောင်လားသော် | - | ကတက်ချောင်း |
| | (စ) | အနောက်လားသော် | - | ပြောင်ချောင်း |
| | (ဆ) | အနောက်မြောက်လားသော် | - | ကြက်ပူတူးတောင် |
| | (ဇ) | မြောက်လားသော် | - | ထားဝယ်ကောက်ချောင်း |

(၃) ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားရှိသော အထက်ပါ ရေလှောင်တမံ၏ သတ်မှတ် နယ်မြေအတွင်း ကျွဲ၊ နွားများ စည်းကမ်းမဲ့ လွှတ်ကျောင်းခြင်း၊ သစ်ဖောင်၊ ဝါးဖောင်များ မျှောခြင်း၊ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်း၊ ရေလှောင်တမံအတွင်း ကျွဲ၊ နွားများ လွှတ်ခြင်း၊ ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ တောတက် ထင်းခုတ်ခြင်း၊ ဝါးခုတ်ခြင်း၊ မီးရှို့ခြင်း၊ ရေစီးရေလာအနှောင့်အယှက်ဖြစ်စေသော ချုံများချုံ၍ ငါးဖမ်းခြင်း၊ ဆည်မြောင်းနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများကြောင့် ရေထိန်းအဆောက်အဦများနှင့် ဆက်စပ်နေသော အဆောက်အအုံများ၊ လယ်ယာမြေများအပေါ် တစ်နည်းနည်းဖြင့် ထိခိုက်ပျက်စီးစေခြင်း၊ လွှမ်းမိုးခြင်း စသည့် အန္တရာယ်များမှ ကာကွယ်ရန်အတွက် ဤအမိန့်ကြော်ငြာချက်ကို ထုတ်ပြန်လိုက်ပါသည်။ ပြစ်မှုကျူးလွန်သူများအား မြန်မာနိုင်ငံတူးမြောင်းအက်ဥပဒေ အခန်း (၁၁) ပုဒ်မ (၇၅) အောက်ရှိ ပြစ်မှုများအလိုက် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ လိုအပ်သလို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းဦးစီးဌာန။

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )

အမှတ် ၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၂)၊ စာအမှတ်၊ ၆၇၆/၂၈၂/၂၀၁၂/တမ-၁ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ လစာနှုန်း (၆၅,၀၀၀-၁,၀၀၀-၇၀,၀၀၀) အငယ်တန်း အင်ဂျင်နီယာ-၁ ဝန်ထမ်း (၅) ဦးအား ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲဖော်ပြပါဌာနများတွင် ယာယီတွဲဖက်တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | ယာယီတာဝန်ကျစခန်း/ဌာန |
|---|---|---|---|
| ၁။ | ဦးခင်မောင်ဌေး | ၁၂/ဥကတ (နိုင်) ၀၂၁၆၃၅ | အဝေးဆက်သွယ်ရေးစခန်း၊ ရန်ကုန် |
| ၂။ | ဦးအောင်လွင် | ၁၂/မဂဒ (နိုင်) ၀၂၆၈၅၇ | အော်တိုတယ်လီဖုန်းစခန်း၊ ရန်ကုန် |
| ၃။ | ဦးမြင့်သောင်း | ၉/မရတ (နိုင်) ၀၉၃၂၆၂ | အော်တိုအိတ်ချိန်း၊ မန္တလေး |
| ၄။ | ဦးလွင်အောင် | ၈/ဂဂန (နိုင်) ၀၀၀၀၃၁ | သတင်းအချက်အလက်နှင့် နည်းပညာဌာန |
| ၅။ | ဒေါ်တင်နွယ်မိုး | ၈/ခမန (နိုင်) ၀၅၈၅၁၆ | မိုဘိုင်းဆက်သွယ်ရေးစခန်း |

အရာထမ်းများအား ရာထူးအနွယ်သတ်မှတ်ခြင်းနှင့် ဌာနများသို့ တာဝန်ခွဲဝေချထားခြင်းကိစ္စများ မဆောင်ရွက်မီကာလအတွင်း လစာနှင့်စရိတ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာန၊ ရန်ကုန်မြို့မှ ရေးဆွဲရန်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး (ကိုယ်စား)<br>
မောင်မောင်ဝင်း၊<br>
ဒုတိယအထွေထွေမန်နေဂျာ (စီမံ)၊<br>
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၃၂/၃၇၃/၂၀၁၂/တမ-၁ ၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ လစာနှုန်း (၆၅,၀၀၀-၁,၀၀၀-၇၀,၀၀၀) ရုံးအုပ်/ကြီးကြပ်ရေးမှူး (စာတိုက်/ကြေးနန်း) ဝန်ထမ်း (၅) တို့အား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လစာနှုန်း

(၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်းဝင် လက်ထောက်မန်နေဂျာများအဖြစ် တိုးမြှင့်ခန့်ထားပြီး လက်ရှိတာဝန်ကျစခန်းများတွင် ယာယီတွဲဖက်တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လက်ရှိတာဝန်ကျစခန်း | ယာယီတွဲဖက်တာဝန်ချထားသည့် စခန်း/ဌာန |
|---|---|---|---|---|
| ၁ | ဦးအောင်ဝင်း | ၈/မကန (နိုင်) ဝ၆ဝ၄၃၄ | တိုင်းမန်နေဂျာရုံး မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ | တိုင်းမန်နေဂျာရုံး မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ |
| ၂ | ဦးသန်းထွန်း | ၁၃/ဟပန (နိုင်) ဝ၂၂၂၄၁ | ပြည်နယ်စာတိုက် ရှမ်း (တောင်) တောင်ကြီးမြို့ | ပြည်နယ်စာတိုက် ရှမ်း (တောင်) တောင်ကြီးမြို့ |
| ၃ | ဒေါ်ဝင်းပြာကြည် | ၁၂/တမန (နိုင်) ဝ၅၈၂ဝ၉ | တိုင်းမန်နေဂျာရုံး ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ပဲခူးမြို့ | တိုင်းမန်နေဂျာရုံး ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ပဲခူးမြို့ |
| ၄ | ဦးကြည်မြင့် | 2MYG - ဝဝ၂၂၉၂ | တိုင်းကြေးနန်းစခန်း မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ | တိုင်းကြေးနန်းစခန်း မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ |
| ၅ | ဒေါ်ဥမ္မာခင် | ၁၂/ဥကမ (နိုင်) ဝဝ၅၆၅၇ | ပြည်ပစာပို့လုပ်ငန်းစခန်း ရန်ကုန်မြို့ | ပြည်ပစာပို့လုပ်ငန်းစခန်း ရန်ကုန်မြို့ |

အရာထမ်းများအား သက်ဆိုင်ရာဌာနများသို့ တာဝန်မချထားမီကာလအတွင်း လစာနှင့်စရိတ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာန၊ ရန်ကုန်မြို့မှ ရေးဆွဲရန်ဖြစ်ပါသည်။

အောင်မော်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

## စွမ်းအင်စီမံရေးဦးစီးဌာန

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )

အမှတ် ၄၅ ။ ။ စွမ်းအင်စီမံရေးဦးစီးဌာန၊ စီးပွားရေးစီမံရေးဌာနခွဲမှ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း ဦးစီးအရာရှိ (၂) ဒေါ်စန္ဒာဝင်း (၁၂၀၂) အား ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့မှစ၍ လက်ရှိရာထူးတွင် အမြဲတမ်းခန့်ထားလိုက်သည်။

ဖေဇင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
စွမ်းအင်စီမံရေးဦးစီးဌာန။

# စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၅၅၃/၂၀၁၂

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၅ ရက် )

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိများအား ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းတို့၏အမည်များနှင့် ယှဉ်တွဲဖော်ပြထားသော စီမံကိန်းဦးစီးရုံးများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိတာဝန်ထမ်းဆောင် နေသည့်ရုံး** | **ပြောင်းရွှေ့တာဝန်ထမ်းဆောင် ရမည့်ရုံး** |
|---|---|---|---|
| ၁။ | ဦးအောင်ခင်မြင့် | ဖာပွန်မြို့နယ် | ဖာပွန်ခရိုင် |
| ၂။ | ဦးသိန်းဆွေ (၃) | တမူးမြို့နယ် | တမူးခရိုင် |
| ၃။ | ဦးဆန်းဝင်း | ညောင်ဦးမြို့နယ် | မန္တလေးခရိုင် (ညောင်ဦးခရိုင်တွဲဖက်) |

## အမိန့်ကြော်ငြာစာအမှတ် ၈၁၉/၂၀၁၂

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်

( ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် )

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိများအား ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းတို့၏ အမည်များနှင့် ယှဉ်တွဲဖော်ပြထားသော စီမံကိန်းဦးစီးရုံးများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

(ပြောင်းရွှေ့ရာတွင် မိမိစရိတ်ဖြင့် ပြောင်းရွှေ့ရန်ဖြစ်သည်။)

| **စဉ်** | **အမည်** | **လက်ရှိတာဝန်ထမ်းဆောင် နေသည့်ရုံး** | **ပြောင်းရွှေ့တာဝန်ထမ်းဆောင် ရမည့်ရုံး** |
|---|---|---|---|
| ၁။ | ဒေါ်ခင်သန္တာဦး | ရန်ကုန်အရှေ့ပိုင်းခရိုင် | ကယားပြည်နယ်ရုံး |
| ၂။ | ဒေါ်မိုးမိုးသန့် | ကယားပြည်နယ်ရုံး | ရန်ကုန်အရှေ့ပိုင်းခရိုင် |

လှဲ့လှဲ့သိန်း၊

ညွှန်ကြားရေးမှူးချုပ်၊

စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၉ ရက် ) | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**NEW TRIPLE SEVEN CONSTRUCTION COMPANY LIMITED**
**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ**
**ကုမ္ပဏီကို အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းရန်ကြေညာခြင်း**

၁။ **NEW TRIPLE SEVEN CONSTRUCTION COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၁-၄-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက် ထူးကဲသော အထွေထွေအစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်မောင်မြင့် [B.A (Law) LL.B၊ တရားလွှတ်တော်ရှေ့နေ၊ စဉ် ၂၂၆၉]၊ အမှတ်-၅၆၁၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ရရန်နှင့်ပေးရန်ရှိသည်များကို ယနေ့မှစ၍ တစ်လအတွင်း ဦးခင်မောင်မြင့်ထံသို့ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U Sein Tun | ဦးခင်မောင်မြင့် [B.A (Law) LL.B] |
| Managing Director | တရားလွှတ်တော်ရှေ့နေ |
| New Triple Seven Construction Co., Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | ဖုန်း - ၀၁ ၃၈၄၃၈၂ |

## STUDIO ARCHITECTS COMPANY LIMITED.
## ဖျက်သိမ်းရန် ကြေညာချက်

၁။ **STUDIO ARCHITECTS COMPANY LIMITED.** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၁-၄-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၅၄၊ တတိယထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ **ဒေါ်ဇာနည်ညို** B.Com., C.P.A., LCCI., A.B.S.A, (အစိုးရအသိအမှတ်ပြု လက်မှတ်ရစာရင်းကိုင်နှင့်စာရင်းစစ်) [၁၂/ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်မြစန္ဒီကျော် | ဒေါ်ဇာနည်ညို |
| အုပ်ချုပ်မှုဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| STUDIO ARCHITECTS | STUDIO ARCHITECTS COMPANY LIMITED. |
| COMPANY LIMITED. | ဖုန်း - ၀၉ ၅၀၅၇၈၂၂၊ ၀၉ ၇၃၀၀၈၆၀၆၊ ၀၁ ၃၉၇၀၀၈ |

## Shwe Aung Thu Mining Company Limited
## ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ ဖျက်သိမ်းဆဲ **Shwe Aung Thu Mining Co., Ltd.** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၇-၅-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ် (၁၃)၊ Ga သီရိမြိုင်စတိုး၊ ၃၉ လမ်း၊ ၇၂ နှင့် ၇၃ လမ်းကြား၊ ဗောဓိကုန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |

ဦးမောင်မောင်ထိပ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၉-၄-၂၀၁၃။